ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (7-4-2007) (၅၂၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှုအကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstromအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့်အတူ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom တို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်း စာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၆-၂၀၀၇
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးအသိပညာပေးမှု သတိပြုလိုက်နာ ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု ရှောင်ကြဉ်

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ ရောဂါဘယ ကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေအသိပညာပေးလျက်ရှိသည်။ ပြည်သူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစွာ ရရှိစေရေး ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းကသာမက ပြည်သူအားလုံးကပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ပြည်သူများ သိရှိသတိပြုရမည့် အကြောင်းအရာများတွင် ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်လည်း ပါဝင်သည်။ ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများကိုသာမက ဆေးလိပ် သောက်သူများ ဖွာထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့အား ရှူရှိုက်မိသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။

ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်။

သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ဆေးလိပ်သောက်ခြင်းဖြင့် နှလုံးသွေးကြော ပိတ်ဆို့မှုနှုန်းကို သုံးဆ၊ ဆေးရွက်ကြီးဝါးခြင်း (ကွမ်းစားခြင်း)ကြောင့် နှစ်ဆခန့်မြင့်တက်စေနိုင်ပြီး ဆေးလိပ် ဆေးရွက်ကြီး နှစ်မျိုးစလုံး သောက်သုံးသူများသည် နှလုံးပိတ်ဆို့မှု ဖြစ်ပွားနိုင်ခြေ လေးဆထက် ပိုမိုနိုင်ကြောင်းသိရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးကို မည်သည့်ပုံစံဖြင့် သုံးစွဲသည်ဖြစ်စေ အဆုတ်ကင်ဆာဖြစ်မှု၊ နှလုံးသွေးကြော ပိတ်ဆို့မှုတို့နှင့် ဆက်နွယ်မှု ရှိနေသည်။ ဆေးလိပ်ငွေ့အန္တရာယ် ကင်းဝေးစေရေးအတွက် အများပြည်သူ စီးနင်းသွားလာနေသည့်ယာဉ်များ၊ ကုန်တိုက်များ၊ ရုပ်ရှင်ရုံများ၊ အားကစားကွင်းများ၊ ပြည်သူ့ဆေးရုံ၊ သင်ကြားရေးအဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်းကို သက်ဆိုင်ရာတို့က ကြပ်မတ်တားဆီးသွားကြရန် လိုအပ်မည်ဖြစ်သည်။

ပြည်သူများအားလုံးကလည်း ကျန်းမာရေးအသိရှိရှိဖြင့် ဆေးလိပ် ဆေးရွက်ကြီး သုံးစွဲမှုများမှ ရှောင်ကြဉ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးမှုများကို အစဉ်သတိပြု လိုက်နာဆောင်ရွက်ကြခြင်းဖြင့် လူတိုင်း အသက်ရှည်ကျန်းမာရေးကို အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ စမ်းချောင်း/တောင် နန္ဒဝန်လမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးဇော်ဌေးနိုင်-ဒေါ်အုန်းအုန်းမြင့်နှင့် သမီး ဇေကရီနန္ဒာနိုင်၊ သား သူရိန်လင်းမောင် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို နာယကအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဗုဒ္ဓဂယာ မြန်မာကျောင်း ပဓာန နာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့သည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့်အဖွဲ့အား နိုင်ငံသားအားလုံးက လိုလားတောင့်တနေကြသည့် ရည်မှန်းချက်ပန်းတိုင်ကို ရရှိစေရေးအတွက် ချမှတ်ထားသော အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက် (၁၂) ရပ်အတိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်း ထားကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့် ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသရှင်းလင်းသည်။ ဆက်လက်၍ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom က ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။ (သတင်းစဉ်)

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားစခန်း

ရန်ကုန် ဇွန် ၆

ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၅)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရား စခန်းကို ဇွန် ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပ နိဿယမှုအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ဓမ္မကထိက ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ (ရန်ကုန်)နှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဇွန် ၁၁ရက် ညနေ ၅နာရီ အရောက်လာကြရမည်ဖြစ်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူ များနှင့် တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဖုန်း-၂၈၂၀၅၀၊ ဓမ္မကထိက ဖုန်း-၅၇၇၄၈၄၊ ဒုတိယဥက္ကဋ္ဌ ဖုန်း- ၅၄၆၈၃၈၊ အတွင်းရေးမှူး ဖုန်း- ၀၉ ၈၈၂၇၃၈၁၊ ဘဏ္ဍာရေးမှူး ဖုန်း- ၅၇၂၄၈၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၏ ငွေရတုပဒေသာပင်အတွက် တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် နှင်းဆီလမ်းနေ ဦးမင်းတင်လှ-ဒေါ်အေးအေးကျော် (ချောစုထွန်း အလှပြင်ဆိုင်)မိသားစုတို့က ငွေကျပ်သုံးသိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယောဆရာတော် ကျောင်းရေစက်ချတရားပွဲ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နန္ဒဝန်လမ်း ရွှေကျင်ဝိသုဒ္ဓါရုံ တိုက်သစ်ဦးစီးပဓာန နာယက တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီးသည် အနောက်ဂန့်ဂေါမုံလယ်ကျောင်း သံဃာဆောင်များအား လှူဒါန်းထားကြသော အလှူရှင်များ၏ စုပေါင်းကျောင်းရေစက်ချတရားပွဲကို ပဲခူးမြို့ ၁၀ မိုင်ကုန်း မုံလယ်ဆရာတော်ကြီး၏ မုံလယ်တောရ ဓမ္မရိပ်သာတွင် ကျင်းပမည်ဖြစ်ရာ ဇွန်၁၉ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ တရားနာကြွရောက်နိုင်ကြောင်း သိရသည်။(က-ပ)

အထက(၂) စမ်းချောင်း ကျောင်းသူ ၁၀၀ သီလရှင်ဝတ်

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ စမ်းချောင်း အထက(၂)မှ ဆရာမကြီး ဒေါ်ခင်လေးမြင့်နှင့် ဆရာမများဦးဆောင်၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသူ ၁၀၀ ကို စမ်းချောင်း ဒေါ်ဉာဏစာရီသီလရှင်ကျောင်းတိုက်တွင် သီလရှင်ဝတ်မင်္ဂလာပြုလုပ်ရာ (**အောက်ပုံ**) သီဟသုဓမ္မမဏိဇောတဓရ ဦးတင်မောင်ထွေးက ငွေကျပ် ၉၀၀၀၀ ပါဝင်လှူဒါန်း၍ ဆွမ်းကပ်ခဲ့ကြောင်း သိရသည်။ (က-ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ အရောင်းပြပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နုနုရီက အရောင်းပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်တို့က အရောင်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၂)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် မင်္ဂလာကိတ်ကိုလှီး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် အရောင်းပြပွဲ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ထုတ်လုပ်သည့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အစားအစာများ၊ စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးဝါးများ၊ သားရေထည်ပစ္စည်းများ၊ စက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် စာရေးကိရိယာများ ပြသရောင်းချနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါအရောင်းပြပွဲ၌ ဆိုင်ခန်းပေါင်း ၁၄၁ခန်း ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိပြီး ပြပွဲကို ယနေ့မှ ဧပြီ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များ အရောင်းပြပွဲ၌ ကြည့်ရှုအားပေးကြစဉ်။ (ဓာတ်ပုံ-အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

ထူးခြားသည့် နေ့အပူချိန်များ

(၆-၄-၂၀၀၇)

မင်းဘူးနှင့် သာယာဝတီ	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)
မကွေး	၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)
ချောက်	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

ကူးစက်မြန်ဦးနှောက်(အမြှေးရောင်) ရောဂါကာကွယ်ရေး နှိုးဆော်ချက်

(က) ရောဂါဖြစ်ပွားပုံ
- ဤရောဂါသည် ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည်။
- တစ်ဦးမှတစ်ဦးသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည်။
- အသက်အရွယ်မရွေးရောဂါဖြစ်နိုင်ပြီး ကလေးသူငယ်များတွင် ပိုမိုဖြစ်သည်။
- လူစုလူဝေးနှင့်နေထိုင်မှုသည် ရောဂါပိုမိုပြန့်လွယ်သည်။
- ဆောင်းနှင့်နွေရာသီတွင် ရောဂါအဖြစ်များလေ့ရှိသည်။
- ဤရောဂါသည် ကူးစက်မြန်ပြီး လူအများစုတွင် တစ်ပြိုင်တည်းဖြစ်တတ်သည်။

(ခ) ရောဂါလက္ခဏာများ
- ရုတ်တရက် ပြင်းထန်စွာဖျားခြင်း။
- ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ဇက်တောင့်ခြင်း၊ အော့အန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း။
- ကြွက်သားများ နာကျင်ခြင်း။
- အရေပြား၌သွေးခြည်ဥခြင်း။
- အနီစက်အနီကွက်များဖြစ်ပေါ်လေ့ရှိခြင်း။
- သွေးလန့်မှုဖြစ်တတ်ခြင်း။
- ရုတ်တရက်အသက်ဆုံးရှုံးနိုင်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း
- တစ်ကိုယ်ရေသန့်ရှင်းရေးကိုအလေးထားဆောင်ရွက်ပါ။
- အာဟာရပြည့်ဝသောအစားအစာများကိုစားသုံးပါ။
- လုံလောက်စွာအနားယူပါ။
- ပွဲလမ်းသဘင်၊ လူထူထပ်သောနေရာနှင့် ဖုန်ထူထပ်သောနေရာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- နှာစေးချောင်းဆိုးလျှင် ရောဂါမပြန့်ပွားစေရန် လက်ကိုင်ပဝါကို အသုံးပြုပါ။
- တစ်ဦးအသုံးပြုထားသော အသုံးအဆောင်နှင့် အဝတ်အထည်ကို အခြားတစ်ဦးမှ အသုံးပြုခြင်းကိုရှောင်ပါ။

(ဃ) ရောဂါလက္ခဏာများရှိလျှင် အသက်ဆုံးရှုံးမှုနှင့် ရောဂါပြန့်ပွားမှုများမှ ကာကွယ်နိုင်ရန် နီးရာကျန်းမာရေးဌာနတွင် ဆောလျင်စွာ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)တွင် Myanmar Pioneer Star Co., Ltd. ပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာပိုင်အခိုနီးယားစတားမှ မြေဖယောင်း ခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ကို ဧပြီ ၆ရက်မှ ၈ ရက်အထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိရာ Myanmar Pioneer Star Co., Ltd. ပြခန်း၌ မြေဖယောင်း BENTONITE ထုတ်လုပ်သုံးစွဲခြင်း ပြသထားသည်။

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် ချော်မှုန့်များမှ ပြာများသည် မြစ်ချောင်းတစ်လျှောက် နှစ်ပေါင်းများစွာ အနည်ထိုင်ပြီး သဘာဝအလျောက် မြေဖယောင်းအဖြစ် ပြောင်းလဲလာသည့် မြေသယံဇာတဖြစ်သည်။ မြေဖယောင်း အရည်အသွေးလေးမျိုးရှိပြီး ပတ်ဝန်းကျင်ရှိမြေ အခြေအနေပေါ်မူတည်၍ အညို၊ အဝါ၊ အစိမ်း၊ အနက်ဟူ၍ အရောင်များရှိသည်။

စက်မှုကုန်ကြမ်း

မြေဖယောင်းသည် စက်မှုကုန်ကြမ်းအဖြစ် ဆည်ကြီးများ၊ တံတားတိုင်ကြီးများ ပုံလောင်းရာတွင် အသုံးပြုသည်။ ဆည်အောက်ခြေ ရေပိတ်လွှာအဖြစ် ဘိလပ်မြေနှင့် အချိုးကျရောစပ်၍လည်းကောင်း၊ တံတားတိုင်ကြီးများ ဆောက်လုပ်ရာတွင် ရေမစိမ့်စေရန် မြေထိန်းနံရံအဖြစ်လည်းကောင်း အသုံးပြုသည်။ ထို့ပြင် သံရည်ကျိုပုံလောင်းရာတွင် သဲမိုများ ပြုလုပ်ခြင်းကြောင့် မျက်နှာပြင်ချောမွတ်ပြီး အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများရရှိသည်။ စားသုံးဆီ၊ စက်ဆီ၊ ချောဆီများ အရောင်ချွတ်ရာတွင် အသုံးပြုနိုင်သည်။ တိရစ္ဆာန်အစာတောင့်များ၊ မြေသြဇာများ အစိုင်အခဲပြုလုပ်ရာတွင် သဘာဝကော်အဖြစ် အသုံးပြုနိုင်သည်။ ရေနံတွင်းများတူးဖော်ရာတွင် မြေသားနံရံထိန်းအဖြစ်လည်းကောင်း၊ ဆေးဝါးများနှင့် အလှပြင်ပစ္စည်းများ၊ အသားလိမ်းအဆီများပြုလုပ်ရာတွင် လည်းကောင်း၊ အချိုရည်များ၊ အရက်များ အနည်စစ်သန့်စင်ရာတွင် လည်းကောင်း အသုံးပြုသည်။

ဖြန့်ဖြူးရောင်းချ

Myanmar Pioneer Star Co.,Ltd. သည် နိုင်ငံတကာအဆင့်မီ အမျိုးအစားကောင်းမွန်သည့် မြေဖယောင်းများကို ပြည်တွင်း၊ပြည်ပ ဈေးကွက်လိုအပ်ချက်နှင့်အညီ မြေဖယောင်းမှုန့်အရွယ် 200 MESH ထိ ပြုလုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ မြေဖယောင်းများကို Grade.A,B,C ဟူ၍ ခွဲခြားထုတ်လုပ်ထားသည်။

အဆိုပါမြေဖယောင်းကို စိတ်ပါဝင်စားသူများသည် MPS Co., Ltd. အမှတ်(၉၂) ဗဟိုလမ်း ၃(ခ)ရပ်ကွက် ငွေကြာရံရိပ်သာ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၅၇၇၀၄၀၊ အီးမေးလ် mps @baganmail. net.mm သို့ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

စတုဘုမ္မိက ၁၀ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက်၌ ဗုဒ္ဓနည်းကျကျေးဇူးရှင် ငှက်တွင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါး အကျင့်မြတ်တရားကို မဟာသင်္ကြန်ရက်များဖြစ်သော ဧပြီ ၁၃ ရက်မှ ၂၂ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက်ဆရာတော် ဖုန်း- ၆၅၃၀၁၀ သို့ ဆက်သွယ်နိုင်သည်။

ဧပြီ ၁၂ ရက်တွင် ကျောင်းတိုက်၌ စုပေါင်းရဟန်းခံ ရှင်ပြုသီလရှင်ဝတ်ပွဲကို ပြုလုပ်မည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မနွမ်းသောပန်း၊ မခန်းသောစမ်း တရားတော် (ပထမပိုင်း)အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်)ဆရာတော်
၇း၄၀	ပျော်ရွှင်ကစား မြွေလှေကား
၈း၀၅	ခါသကြန် အဆိုအက
၈း၁၀	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၈း၂၅	ခါသကြန်အဆိုအက
၈း၃၀	MRTV-4 Video Topics (ဟောလီးဝုဒ်သိပ္ပံကမ္ဘာ)
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	Activities In The City
၉း၃၀	ခါသကြန် အဆိုအက
၉း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း(အပိုင်း-၃) (ဒေါက်တာသန်းသန်းအေး)
၁၀း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၁၀း၅၀	ခါသကြန် အဆိုအက
၁၀း၅၅	Yangon Panorama (Under Sunshine Art Gallery)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	မြန်မာ့စပီရူလိုင်းနား
၁၁း၃၅	ခါသကြန် အဆိုအက
၁၁း၄၀	ကလေးတို့အတွက်လက်ဆောင် (အင်္ကျီ၊ ကျီးကန်း)
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၂း၂၀	ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်)
၁၂း၃၅	ခါသကြန် အဆိုအက
၁၂း၄၀	စားချင်စရာ ငါးချဉ်အရသာ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports(Live)
၆း၁၀	Chelsea-Tottenham	5-Sports(Live)
၈း၂၅	Arsenal-Westham	5-Sports(Live)
	Reading-Liverpool	5-Series(Live)
	Middlesbrough-Watford	5-Cartoons(Live)
၁၁း၄၀	Portsmouth-Man:Utd	5-Series(Live)
၁၁း၀၀	Blackburn-Aston Villa	5-Sports(SDD)

ပါရာဂွေး၌ ဂျပန်နိုင်ငံသားနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးပြန်ပေးဆွဲခံရ

တိုကျို ဧပြီ ၅

ပါရာဂွေးနိုင်ငံတွင် ဂျပန်နိုင်ငံသားတစ်ဦး၊ ၎င်း၏အတွင်းရေးမှူးနှင့် ဒေသဆိုင်ရာ ရဲအရာရှိနှစ်ဦးတို့ ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းတို့ ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ဖြင့် ရွေးယူရန် ပြန်ပေးငွေတောင်းထားကြောင်း ဂျပန်သတင်းဌာနက ဧပြီ ၄ရက်တွင် ပြောကြားသည်။

ပါရာဂွေးနိုင်ငံ အမျိုးသား ရဲတပ်ဖွဲ့သည် ယင်းကိစ္စနှင့်ဆက်နွှယ်၍ လူအမြောက်အမြားကို ဖမ်းဆီးထားကြောင်း၊ သို့သော် ပြန်ပေးဆွဲခံရသူများ၏ အသက်အန္တရာယ်လုံခြုံမှု ရှိ၊ မရှိကို မသိရှိရကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ပြန်ပေးဆွဲခံရသူမှာ အသက် (၆၂)ရှိ ဒေသဆိုင်ရာ အိမ်ခြံမြေရောင်းဝယ်ရေး ကုမ္ပဏီမှ ဟီရိုကာဇူအိုတာနှင့် အသက် (၃၇)နှစ်ရှိ ၎င်း၏အတွင်းရေးမှူး ယာမာဂူချိဖြစ်သည်။ ဧပြီ ၂ရက်က ပါရာဂွေးနိုင်ငံ မြို့တော် အဆွမ်အရှေ့ဘက် ကီလိုမီတာ ၃၀၀ ခန့်ရှိ မြို့၌ ၎င်းတို့ကို ပြန်ပေးဆွဲသွားခြင်း ဖြစ်ကြောင်း ပါရာဂွေး ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို အင်န်အိပ်ချ်ကေ သတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

၎င်းတို့ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့အရာရှိနှစ်ဦး ရောက်ရှိလာပြီး ဖျန်ဖြေရန် ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့ဝင်နှစ်ဦးပါ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်ဟု အဆိုပါ သတင်းဌာနက ထုတ်လွှင့်သည်။

အမ်အင်အေ၊ရိုက်တာ။

ပဲစိုက်ဧရိယာ အိန္ဒိယ တိုးချဲ့မည်

နယူးဒေလီ ဧပြီ ၅

အိန္ဒိယနိုင်ငံ၌ ပဲဈေးကြီးမြင့်မှုကို လျှော့ချရန်၊ ပြည်ပပဲသွင်းကုန်အပေါ် အားထားရမှု လျှော့ချရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပြည်တွင်း၌ ပဲစိုက်ပျိုးမြေကေ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်သည်ဆိုသော အချက်ကို အိန္ဒိယအာဏာပိုင်များက လက်ခံသဘောတူခဲ့သည်။

မိမိတို့ နိုင်ငံအနေဖြင့် ပဲမျိုးစုံစိုက်ဧရိယာကို ဟက်တာနှစ်သန်းအထိ တိုးမြှင့်စိုက်ပျိုးသွားရန် လိုအပ်မည်ဖြစ်သည်ဟုဆိုသည်။ ထိုမျှ စိုက်ဧကသာ တိုးချဲ့နိုင်ပါက ပဲအထွက်သည် တန်တစ်သန်းမှ ၁ ဒသမ ၅ သန်းအထိ တိုးလာမည်ဟု အိန္ဒိယ လယ်ယာစိုက်ပျိုးရေး အတွင်းဝန် ပီကေ၊မစ်ရှရာက ပြောကြားသည်။

လောလောဆယ် အခြေအနေ၌ အိန္ဒိယနိုင်ငံတွင်ပဲစိုက်ဧရိယာဟက်တာ ၂၄ သန်းရှိသည်။ ၂၀၀၆ ခုနှစ်တွင် အိန္ဒိယက ပဲတင်ပို့မှုကို ပိတ်ပင်ခဲ့သည်သာမက ပဲသွင်းကုန်အပေါ် ကောက်ခံနေသော သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းကိုလည်း ဖျက်သိမ်းပေးခဲ့သည်။ ပြည်တွင်းပဲအထွက်သည် တစ်နှစ်လျှင် တန် ၁၁ သန်းမှ ၁၄ သန်းကြားရှိနေစဉ် ပြည်တွင်း ပဲစားသုံးမှုသည် တန် ၁၅ သန်းအထိ ရှိလာသည်ဟု မစ်ရှရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ပွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

မွန်ဂိုလီးယားနိုင်ငံ တောင်ပေါ်ဒေသရှိ သမင်မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးကြသည့် တီဆာတန်လူမျိုးစု နေထိုင်ရာ ကျေးရွာတစ်ရွာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ရုရှားနိုင်ငံမှ လွှတ်တင်မည့် ဆိုယုဇ်တီအမ်အေ-၁၀ အာကာသယာဉ်အား ဘိုင်ကိုနူး အာကာသစခန်းသို့ သယ်ယူလာသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရားမဝင် ပင်လယ်အစားအစာ ၆၉တန် မက္ကဆီကိုတွင် ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဧပြီ ၅

သီးခြားစီပြုလုပ်သော စစ်ဆင်ရေးနှစ်ခုတွင် မက္ကဆီကို အာဏာပိုင်များသည် တရားမဝင်သယ်ဆောင်လာသော ပင်လယ်အစားအစာ ၆၉ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဧပြီ ၃ ရက်တွင် ပြောကြားသည်။ မည်သည့်အရပ်ဒေသမှ သယ်ဆောင်လာသည်ကို အတိအကျ မသိရသော ပင်လယ်အစားအစာများကို ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု ဆိုသည်။

ပထမစစ်ဆင်ရေးကို မတ် ၂၈ နှင့် ၂၉ ရက်များတွင် မက္ကဆီကိုစီးတီးမြို့ လာနီဗာဗီဂါဈေးအတွင်း ပြုလုပ်ခဲ့ပြီး တရားမဝင် ပင်လယ်ထွက်အစားအစာ တန် ၃၀ ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းဆီးရမိသော ပစ္စည်းများတွင် ရေဘဝဲ ၂ ဒသမ ၂၆၄ တန်၊ ပင်လယ်ပုစွန် ၇ ဒသမ ၇၂၃ တန်၊ ငါးမန်းသားသုံးတန်၊ ကင်းမွန် ၃ ဒသမ ၃၄၅ တန်၊ ယောက်သွား ၁ ဒသမ ၈ တန်နှင့် အခြားပင်လယ်စာ ၁၂ ဒသမ ၁၂၉ တန် ပါဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ပွာ။

မလေးရှားတောင်ပိုင်း၌ ယာဉ်နှစ်စီးတိုက်မိ

ကွာလာလမ်ပူ ဧပြီ ၅

မလေးရှားနိုင်ငံတောင်ပိုင်းတွင် ဟိုက်ဒရိုကလိုရစ်အက်စစ်သယ်ဆောင်လာသော ဘောက်ဆာကားနှင့် လော်ရီကားတစ်စီးတို့ ဧပြီ ၃ ရက်က တိုက်မိကြရာ အက်စစ်များ လမ်းမပေါ်သို့ ဖိတ်စဉ်ပျံ့နှံ့သွားကြောင်း သတင်းများက ဖော်ပြ သည်။

မတော်တဆမှုသည် နံနက် ၁၀နာရီ မိနစ် ၄၀တွင် လာဟိုးပြည်နယ်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ယာဉ်နှစ်စီးစလုံးမှ ယာဉ်မောင်းများမှာ ဘေးမသီရန်မခ လွတ်မြောက်ခဲ့ကြကြောင်း စတားသတင်းဝက်ဆိုက်၌ ဖော်ပြထားသည်။

ဝင်တိုက်

ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၈ တန် သယ်ဆောင်လာသော ဘောက်ဆာကားသည် အချက်ပြမီးပွိုင့်၌ရပ်နေစဉ် နောက်ဘက်မှ ၁၀ တန် လော်ရီကားက ဝင်တိုက်ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် အက်စစ်သယ်လော်ရီကားတွင် လေးလက်မခန့် ပေါက်ပြဲသွားပြီး အနောက်ပိုင်းရှိ အကန့်နှစ်ကန့် ပျက်စီးသွားသည့်အတွက် အက်စစ်များ လမ်းမပေါ် ယိုဖိတ်သွားသည်။

အက်စစ်ငရဲမီးဓာတ်များ ပြယ်သွားစေရန် ကယ်ဆယ်ရေး ဝန်ထမ်းများက လမ်းမပေါ်သို့ ဆိုဒါပြားများဖြင့် ပက်ဖျန်းခြင်း၊ ရေများဖြင့်ဆေးကြောခြင်းများ ပြုလုပ်ပေးခဲ့သည်။ ယင်းမတော်တဆမှုကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ခြင်း မရှိကြောင်း သတင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ပွာ။***

ပင်တဂွန်ဌာနချုပ်မှ အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယအကြီးအကဲ နုတ်ထွက်

ဝါရှင်တန် ဧပြီ ၅

အမေရိကန်နိုင်ငံ ပင်တဂွန်ဌာနချုပ်၏ အာရှနှင့် ပစိဖိတ်ရေးရာဌာန အရပ်ဘက်မှ ဒုတိယလက်ထောက်အကြီးအကဲ ရစ်ချက်လောလက်စ်သည် ရာထူးမှ နုတ်ထွက်လွှာတင်ထားပြီဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာ သတင်းရပ်ကွက်က ဧပြီ ၃ ရက်တွင် ပြောကြားသည်။

၎င်းသည် ကိုယ်ရေးကိုယ်တာ အကြောင်းကိစ္စများကြောင့် ရာထူးမှ နုတ်ထွက်ခြင်း ဖြစ်သည်ဟုဆိုသည်။ ရာထူးတာဝန်များမှ ၎င်းသည် သီတင်းပတ်အနည်းငယ်အတွင်း ထွက်ခွာသွားရန်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လောလက်စ်သည် ကိုရီးယားဒေသဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တို့၏ဒေသဆိုင်ရာစစ်စခန်းများ ကိစ္စညှိနှိုင်းရေးလုပ်ငန်းများပြုလုပ်ရာတွင် အဓိကပါဝင်ခဲ့သူတစ်ဦး ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆော်လမွန်ကျွန်းတွင် ဆူနာမိဒဏ်ကြောင့် ပျက်စီးသွားသော ကမ်းခြေရှိ အဆောက် အအုံတစ်ခုကို ဧပြီ ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုက်ပရပ်စ်ရှိ လက်ဝတ်ရတနာဆိုင် ဖောက်ထွင်းခိုးယူခံရ

နီကိုးရှား ဧပြီ ၅

ဖောက်ထွင်းရေးသမားများက ဆိုက်ပရပ်စ်နိုင်ငံ လာနာကာမြို့ရှိ လက်ဝတ်ရတနာဆိုင်ကိုဖောက်ထွင်းပြီး လက်ဝတ်ရတနာအများအပြား ခိုးယူသွားကြောင်း ဒေသခံမီဒီယာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

၎င်းဓားပြများသည် လက်ဝတ်ရတနာဆိုင်နှင့် ကပ်လျက်တည်ရှိသော ကုန်လှောင်ရုံအတွင်းသို့ အင်္ဂါနေ့စောစောပိုင်းက ဝင်ရောက်ခဲ့ပြီး နံရံကို ဖျက်ဆီးကာ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု လာနာကာမြို့ရှိ ရဲဌာနမှ ရဲအရာရှိများက ပြောကြားသည်။

ယင်းဆိုင်မှ ဒေါ်လာ ၂၃,၀၀၀တန်ဖိုးရှိ လက်ဝတ်ရတနာနှင့် ရွှေလက်စွပ်များ ပျောက်ဆုံးခဲ့သည်ဟု ဆိုင်ပိုင်ရှင်၏ပြောကြားချက်ကို ကိုးကား၍ ဒေးလီဆိုက်ပရပ်စ်မေးလ် သတင်းစာက ရေးသားသည်။

ယင်းကိစ္စနှင့်ဆက်နွှယ်၍ ပြည်ပနိုင်ငံသားတစ်ဦးကို ဖမ်းဆီးထားသည်ဟု ဒေသခံရဲက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ပွာ။***

နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ ကဝိဓဇ ပျံလွန်တော်မူ

ရန်ကုန်   ဧပြီ   ၆

နိုင်ငံတော် ဩဝါဒါစရိယ မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ပဓာနနာယက ဆရာတော် သက်တော်(၈၆)နှစ် သိက္ခာတော်(၆၅)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိဓဇသည် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက် ဧပြီ ၅ရက်၊(ကြာသပတေးနေ့) နံနက် ၁နာရီ ၁၀မိနစ်တွင် သီတင်းသုံးတော်မူရာ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း စာဝေလုပ်ငန်း၊ ကြေးနန်းစာဝေလုပ်ငန်း၊ အမြန်ချောပို့လုပ်ငန်းများ ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်

ရန်ကုန်   ဧပြီ   ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၁၃၆၈-ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန် အကြတ်နေ့ဖြစ်သည့် ၂၀၀၇ခုနှစ် ဧပြီ ၁၅ရက်(တနင်္ဂနွေနေ့)တွင် အများပြည်သူ တို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမြန်ချောပို့လုပ်ငန်းကိုလည်း မဟာသင်္ကြန်ရက်များအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုလုပ်ကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် တွေ့ဆုံ

နေပြည်တော်   ဧပြီ   ၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ရုံးအဖွဲ့မှူး ဦးနေမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှင်စန္ဒသာရ(ကျောင်းကုန်း) အထူးတရားပွဲ

ရန်ကုန် ဧပြီ ၆

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း)သည် ဧပြီ ၇ ရက် ည ၇ နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံကြီး၌ ဓမ္မရောင်ခြည်ပြန့်ပွားရေး အဖွဲ့ကြီး၏ (၂)နှစ်မြောက် ဓမ္မသဘင်ပွဲကြီးတွင် တရားဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ တရားပွဲနှင့် ပတ်သက်၍ ဖုန်း-၀၉ ၅၁၄၇၄၄၈၊ ၀၄၆-၄၀၄၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

တောင်ငူဆရာတော် သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၆

တောင်ငူမြို့ မဟာစည်အေးရိပ်သာနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ ပြည့်စုံအေး မဟာစည်ရိပ်သာတွင် တောင်ငူဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုဇာတနှင့် တပည့် ဓမ္မကထိက ဆရာတော်များသည် တောင်ငူအေးရိပ်သာနှင့် မြောက်ဥက္ကလာပ ပြည့်စုံအေး မဟာစည်ရိပ်သာတို့တွင် သင်္ကြန်ကာလ ၁၀ရက် ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ပြီး နေ့စဉ် အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၁၀ရက် နောက်ဆုံးထားပြီး မဟာစည် တောင်ငူအေးရိပ်သာ ဖုန်း-၀၅၄-၂၃၄၆၁၊ ၀၅၄-၂၄၁၉၁ နှင့် မြောက်ဥက္ကလာပ ပြည့်စုံအေး မဟာစည်ရိပ်သာ ဖုန်း ၀၁-၆၉၀၀၃၅ တို့ထံ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ ဧပြီ ၄ရက်တွင် မီးလောင်မှု ဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၃ လက်ဝှေ့ပွဲ လုံးချောနှင့်စောငမန်း ယနေ့ထိုးသတ်မည်

ရန်ကုန် ဧပြီ ၆

ဧပြီ ၇ရက်(ယနေ့) ညနေ ၅နာရီတွင် ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)၌ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T&T Group က တာဝန်ယူကျင်းပမည့် "မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၃" မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီး ကျင်းပမည်ဖြစ်သည်။

"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၃" လက်ဝှေ့စိန်ခေါ်ပွဲ၏ အဓိကပွဲစဉ် (Main Fight)အဖြစ် လက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် စိန်ခေါ်သူ စောငမန်း (ဘားအံ)တို့ ပွဲဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ ထိပ်တန်းလက်ဝှေ့ကျော်နှစ်ဦးတို့၏ အသည်းမာမာ ဖွဲ့ပါပါ ရေကုန်ရေခန်း ထိုးသတ်ကြမည့်ပွဲပင်ဖြစ်သည်။

တွက်ဆရခက်ခဲ

လုံးချောနှင့် စောငမန်းတို့မှာ ယခင်က ခြောက်ကြိမ်တိုင် တွေ့ဆုံယှဉ်ပြိုင်ထိုးသတ်ခဲ့ကြဖူးသူများဖြစ်၍ တစ်ဦးအကြောင်းတစ်ဦး ကောင်းစွာသိရှိနေကြသဖြင့် အရှုံးအနိုင် ရလဒ်အဖြေမှာ တွက်ဆရ ခက်ခဲနိုင်မည်ဖြစ်သည်။

မည်သို့ဆိုစေ လက်ဝှေ့ကျော်နှစ်ဦးစလုံး အတွေ့အကြုံ ကြွယ်ဝကြသည့် အလျောက် ပညာ၊ သမ္မာ၊ သက်လုံ ရှက်စုံဖွင့်၍ ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပွဲကောင်းတစ်ပွဲအဖြစ် ကြည့်ရှုကြရမည်ဖြစ်သည်။ (ကြေးမုံ)

"မျှော်စင်ကျွန်းမှစိန်ခေါ်သံ-၃" ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် လက်ရှိရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)ကို စိန်ခေါ်ထိုးသတ်မည့် စောငမန်း (ဘားအံ)။

"မျှော်စင်ကျွန်းမှစိန်ခေါ်သံ-၃" ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် စိန်ခေါ်သူ စောငမန်း(ဘားအံ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် လက်ရှိမြန်မာ့ရိုးရာ လက်ဝှေ့အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)။

အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော်   ဧပြီ   ၆

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ ပူးပေါင်းစီစဉ်သော သုတေသနအဖြေများ ရေးသွင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (National Workshop on Research Results Dissemination) နှင့် သုတေသနအဖြေများဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့တွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ ဦး တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၅ဦးတို့ တက်ရောက်ကြပြီး ဧပြီ ၉ရက်အထိ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို မတ် ၂၈ရက်မှ ဧပြီ ၇ရက်အထိ ၂၁နေ့ရာ၌ ဖွင့်လှစ်ခဲ့ရာ အထက(၅) မင်္ဂလာဒုံကျောင်းခန်းမ၌ သင်တန်းဆိုင်ရာများကို မြို့နယ်အလုပ်အမှုဆောင်တစ်ဦးက ရှင်းလင်းဆွေးနွေးစဉ်။ (၅၃၂)

သံတောင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော်   ဧပြီ   ၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ကရင်ပြည်နယ် သံတောင်မြို့နယ် သပြေညွန့်ကျေးရွာနေ မောင်ကျော်စွာသည် ဧပြီ ၂ ရက် နံနက် ၉နာရီခန့်တွင် ရွာအရှေ့ဘက်တောင်ပေါ်သို့ ဝါးခုတ်သွားစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ညာခြေသလုံးရိုး ကြေမွဒဏ်ရာရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့တင်ပို့ပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ နိုင်ငံတော်မှ

အဆိုပါ ဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အဆောက်အအုံသစ်မုခ်ဦးရှေ့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်တို့က ဆေးရုံသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေးမြို့နယ် ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ ဆေးရုံသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်နှင့် ရေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ် ဒေါက်တာ သန်းထွန်းအောင်တို့က ဆေးရုံသစ် အဆောက်အအုံသစ်အပေါ်ထပ်ရှိ ခွဲစိတ်ခန်း၊ လူနာခန်းအတွင်း လူနာအထူးကုခန်း၊ သူနာပြုခန်းတို့ကို လှည့်လည် ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ ဆေးရုံသစ် အဆောက်အအုံအောက်ထပ်၌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ စီစဉ်မှုဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါအထူးကု၊ မျက်စိရောဂါအထူးကု၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကု၊ အရိုးရောဂါအထူးကု၊ သားဖွားနှင့် မီးယပ်ရောဂါအထူးကု၊ အထွေထွေရောဂါအထူးကု၊ ကလေးအထူးကုနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ပြုစုကုသပေးနေမှုအခြေအနေများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ကူညီပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေးမြို့နယ် ခုတင် ၅၀ ဆံ့ တိုးချဲ့အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုအဆောက်အအုံရှေ့ရှိ မဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက မွန်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်က ရေးမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့အဆောက်အအုံသစ် တည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည်များနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်(၂)ရပ်နှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်မှ ဒေသခံ ပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်/သားဖွားနှစ်ထပ်အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်ထံ ဟုမ်းတောက် ဆောက်လုပ်ရေးအဖွဲ့မှ မန်နေဂျင်းဒါရိုက်တာ ဦးချန်စိန်က လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးမိုးကျော်က ဆေးရုံ တိုးချဲ့ အဆောက်အအုံသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံများကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၈နာရီခွဲတွင် ရေးမြို့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရေးမြို့နယ်မှ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရေးမြို့နယ်ဥက္ကဋ္ဌဦးသိန်းဇော်က ရေးမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး၊နွေစပါး၊ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုနှင့် ပညာရေး၊ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ရေးမြို့နယ်အနေဖြင့် ဒေသဆန်ဖူလုံမှုရှိသည့်အပြင် ပိုလျှံမှုရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သော်လည်း အခြားသော ကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားကြရန်လိုကြောင်း၊ အထူးသဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးအောင် နိုင်ငံတော်က စက်မှုဇုန်များထူထောင်ထားပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင်အသိပညာ၊ အတတ်ပညာနှင့် နည်းပညာ အရင်းအနှီးများ လိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့၏ မျိုးဆက်သစ်လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပေးကြရမည်ဖြစ်ရာ ပညာရေးကဏ္ဍသည် အထူးအရေးပါလှကြောင်း၊ သို့ဖြစ်၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ကျောင်းများ၊ဆရာများ၊သင်ကြားမှုအထောက်အကူပစ္စည်းများနှင့် သင်ရိုးညွှန်းတမ်းများကို ချမှတ်ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော သင်ရိုးညွှန်းတမ်း၊ သတ်မှတ်သည့် ဘာသာရပ်များကို ထိထိရောက်ရောက်သင်ကြားကြရန်လိုကြောင်း၊ နိုင်ငံတော်သည် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို ဆည်းပူးနိုင်ရန် အဆင့်ဆင့်သော အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို အဆင့်ဆင့်သော အခြေခံပညာကျောင်းများတွင် စနစ်တကျ ပညာသင်ကြားနိုင်အောင် အားလုံးက ဝိုင်းဝန်းစည်းရုံးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် ဒီမိုကရေစီ အမူအကျင့်ကောင်းများ လေ့ကျင့် ကျင့်သုံးသွားကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နံနက် ၁၀နာရီခွဲတွင် ရေးမြို့ တပ်နယ်ခန်းမ၌ ရေးတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းတို့က ရေးတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့မိသားစုများအတွက် အဝတ်အထည်နှင့် အိမ်သုံးပစ္စည်းများကို အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။



မရမ်းကုန်းမြို့နယ် ၇ရပ်ကွက် (ခုနစ်မိုင်) ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲ သောသုဇနလေးထပ်ကျောင်းဆောင်တော်ကြီး အတွက် မရမ်းကုန်း ခုနစ်မိုင်ခွဲ သီရိရိပ်သာလမ်းနေ ကွယ်လွန်သူ အငြိမ်းစား ဗိုလ်မှူးကြီး ဒေါက်တာ သိန်းအောင်အားရည်စူး၍ ဒေါ်မြကြည်နှင့် သားသမီး မြေးမြစ်တစ်စုတို့က အလှူငွေကျပ်သိန်း ၁၀၀ကို ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ရေးမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့က လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်ကြသည်။

ဆက်လက်၍ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်က ရေးမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအား ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ စတင်ပျိုးထောင်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ အသီးသီးပျိုးထောင်ကြပြီး တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို စုပေါင်းပျိုးထောင်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲ၌ ပျိုးထောင်ကြသူများအား လိုက်လံအားပေးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရေး-သံဖြူဇရပ်-မုဒုံကားလမ်းအတိုင်းထွက်ခွာကြပြီး မွန်းလွဲ ၁နာရီခွဲတွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ နွေစပါးအထူးဇုန် ဧက ၁၀၀၀ သို့ရောက်ရှိကြပြီး နွေစပါးအထူးဇုန်၌ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု၊ အစိုဓာတ်တိုင်းကိရိယာဖြင့် စပါးစေ့များအား အစိုဓာတ်တိုင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ မုဒုံမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မုဒုံမြို့နယ်အနေဖြင့် မိုးစပါး ၁၀၃၆၄၉ဧက၊ နွေစပါး ၁၃၇၀၃ဧကစိုက်ပျိုးမှုအခြေအနေ၊ နွေစပါးကို ဆည်ရေဖြင့် ၇၀၆၈ဧက၊ ချောင်းပိတ်မြောင်းပိတ်ဖြင့် ၆၁၃၅ဧကနှင့် ဆည်ငယ်ရေတံခါးတို့ဖြင့် ဧက ၅၀၀စိုက်ပျိုးမှုအခြေအနေ၊ ဆန်ဖူလုံမှု ၁၇၁ ဒသမ ၂၃ ရာခိုင်နှုန်းရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်အနေဖြင့် မိုးစပါး ၉၇၅၃၃၈ ဧက၊ နွေစပါး ၁၃၀၃၉၂ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဒေသဆန်ဖူလုံမှု ၁၇၀ ဒသမ ၅၄ ရာခိုင်နှုန်း ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ဘဲရမ်းကျေးရွာမှ တောင်သူ ဦးမောင်ခင်၏ မနောသုခ နွေစပါး သုံးဧက စိုက်ခင်း၌ တောင်သူများ စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၂နာရီတွင် မုဒုံ-မော်လမြိုင်လမ်း မိုင်တိုင်အမှတ်(၉/၂) ဖားအောက်ကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာချောမြတ်နွယ်က နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏နောက်ခံသမိုင်း ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ ဒီပလိုမာ အမျိုးအစားများ၊ သင်ကြားပေးနေသော ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူဦးရေနှင့် ဆရာ၊ ဆရာမဦးရေတို့ကိုလည်းကောင်း၊ ပင်မဆောင်ဆောက်လုပ်ရေးတာဝန်ယူထားသော Collective Triangles Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဆန်းမြင့်က ပင်မသုံးထပ်ဆောင်ကို အလျား ၅၁၃ပေ၊ အနံ ၃၅၈ပေ ဆောက်လုပ်ထားပြီး စာသင်ခန်း ၃၈ခန်း၊ အစည်းအဝေးခန်းတစ်ခန်း၊ အုပ်ချုပ်ရေးခန်းတစ်ခန်း၊ ရုံးခန်းတစ်ခန်း၊ ကျောင်းအုပ်ကြီးရုံးခန်းတစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်း၊ သန့်စင်ခန်း ၁၂ခန်းနှင့် ဆင်ဝင်ခန်းတစ်ခန်း ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းအားလုံး ၉၁ ဒသမ ၉၄ ရာခိုင်နှုန်းပြီးစီးကာ အချောသတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးနှင့်ဆောင်ရွက်ရန်ကျန်ရှိမှု အခြေအနေများသိရှိနိုင်ရန် လုပ်ငန်းခွင်ဇယားချ၍ စနစ်တကျ ဆောင်ရွက်သွားရေး၊ အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်သွားရေး၊ အဆောက်အအုံပြီးစီးရမည့် သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် သင်ကြားပို့ချပေးကြရန်ဖြစ်ကြောင်း၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပညာရဲရင့် ပွဲလယ်တင့်အောင် သင်ကြားပေးကြရန်လိုကြောင်း၊ ယနေ့ကြုံတွေ့နေရသော ပညာခေတ်စိန်ခေါ်မှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ထိုးဖောက်နိုင်သော အရည်အသွေးပြည့်ဝသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးနေသကဲ့သို့ ဆရာ၊ ဆရာမများကလည်း မိမိတို့၏တပည့်များကို အနာဂတ်၏ သားကောင်းရတနာဖြစ်အောင် အလေးထားသင်ကြားပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲနည်းပညာတက္ကသိုလ် (မော်လမြိုင်)သုံးထပ်ပင်မဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ဆက်လက်ထွက်ခွာကြပြီး မော်လမြိုင်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ ချင်းပြည်နယ်ရဲ့အလှတစ်ပါး ဗားရ်တံတား

၈:၂၀ ၈။ ခါသကြိမ်အဆိုအကများ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၀ ၅။ **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)**

၁:၀၀ ၆။ အဆိုပြိုင်ပွဲ

၁:၁၅ ၇။ ခါသကြိမ်အဆိုအကများ

၁:၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ [မဲခရဲတိုက်နယ် (ရောဝတီတိုင်း)မှ ဆားလုပ်ငန်းအကြောင်း)

၁:၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂:၀၅ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး

၂:၁၀ ၁၁။ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံ စံပြကျေးရွာ ဝမ်အင်-ဝမ်လုံ

၂:၂၀ ၁၂။ အကပြိုင်ပွဲ

၂:၃၀ ၁၃။ **"ပေါင်ပေါ်ကျတဲ့မီး" (ရဲအောင်၊ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ဘုန်းလျှံ၊ ဟန်နီထွန်း၊ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**

၂:၄၀ ၁၄။ သင်ပုန်းရေလှောင်တမံ

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Every day Use.

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၅:၀၀ ၅။ မြို့တော်အေးမင်းအောင် ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂)

၅:၂၀ ၆။ တေးဂီတအစီအစဉ်

၅:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

၆:၀၀ ၈။ ညနေခင်းသတင်း

၆:၃၀ ၉။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်

၆:၅၀ ၁၁။ ခါသကြိမ်အဆိုအကများ

၇:၀၀ ၁၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ကြိမ်ထည်အစ ရေကြည်မှ)

၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၆)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၇)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

❑ ပကတိဖြစ်ပေါ်ပြောင်းလဲမှုမှ

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကား ပြောကြားရာ၌ မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းမှ ပြည်သူများ လိုလားတောင့်တနေကြသည့် ခေတ်သစ်စနစ်သစ်ကို အစီအစဉ်ရှိရှိ တစ်ဆင့်ပြီးတစ်ဆင့် ညင်သာစွာ ပြောင်းလဲတည်ဆောက်နေသည့် ကာလဖြစ်ကြောင်း။

ပြောင်းလဲဖြစ်ပေါ်လာနေသည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအုတ်မြစ်များကို အခိုင်အမာ တည်ဆောက်ပေးနေသည့် ကာလလည်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မရှိမဖြစ် အခြေခံလိုအပ်ချက်တစ်ခုမှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေး ရပြီးစကာလတွင် နယ်ချဲ့တို့၏ သွေးခွဲလုပ်ဆောင်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအတွင်း သံသယစိတ်များနှင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပါတီတွင်း အုပ်စုခွဲ၊ သင်းခွဲ၊ ဂိုဏ်းခွဲ ပဋိပက္ခများလည်း ပေါ်ပေါက်လာခဲ့ကြကြောင်း၊ လက်နက်ကိုင် ဆန့်ကျင်မှုများအထိ ပေါ်ပေါက်လာခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလအထိ အရိုးစွဲအောင် သွေးခွဲခံကြရသည့် တိုင်းရင်းသားအချို့၏ လက်နက်ကိုင်ဆန့်ကျင်မှုများ ရှိနေဆဲပင်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု ပျက်ပြားလျှင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နိုင်ခြင်း မရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော် ယနေ့ယခု အချိန်အခါလောက် တည်ငြိမ်အေးချမ်းမှုကို မရခဲ့သည်ကို မှန်ကန်စွာ ရှုမြင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့ အပါအဝင် အစုအဖွဲ့များနှင့် မိသားစုများက နိုင်ငံတော်အစိုးရ၏ ဖြောင့်မတ်ရိုးသားတည်ကြည်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး သဘောထားကို နားလည်ယုံကြည် လက်ခံပြီး နိုင်ငံတော်၏ ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့် အတူလက်တွဲပြီး ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု ရလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသကြီး ၂၄ ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်တွေ့ဘဝ၌ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုတော်များအတွင်း နားလည်မှု၊ စာနာမှု၊ ယုံကြည်မှု တိုးတက်ဖြစ်ပေါ်စေရန် အချင်းချင်း ကူးလူးဆက်ဆံပေါင်းသင်းရေးသည်လည်း အဓိကကျသည့် အချက်တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်တစ်ဝန်းလုံး ကူးလူးဆက်ဆံသွားလာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခင်အိပ်မက်တောင် မမက်ရဲသည့် ကားလမ်းမကြီးများ၊ တံတားကြီးများ၊ မီးရထားလမ်းများ၊ လေဆိပ်ကြီးများကို ပိုင်ဆိုင်လာခဲ့ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် ကွန်ရက်သဖွယ် ပေါ်ပေါက်လာသည့် ဆက်သွယ်ရေးလမ်းကြောင်းများက တိုင်းရင်းသား ညီအစ်ကိုများအတွင်း ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုးတက်ရရှိစေခဲ့ကြောင်း။

နိုင်ငံတော်သည် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ၊ ရာသီဥတုနှင့် ပြည့်စုံကြွယ်ဝသည့်နိုင်ငံ ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အတွက် ရေလှောင်တမံ စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများ နိုင်ငံတစ်ဝန်းလုံးက အခြေအနေပေးသည့် နေရာများ၌ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ကြောင်း၊ စိုက်ပျိုးမြေတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက်လည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာပြီဖြစ်ကြောင်း၊ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝသည်လည်း မြင့်မားတိုးတက်လာပြီဖြစ်ကြောင်း။

နိုင်ငံသားများ၏ လူမှုစီးပွားရေး မြင့်မားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာကြပြီဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား အသုံးပြုလိုမှုကို ဖြည့်ဆည်းနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ မဟာဓာတ်အားလိုင်းကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေနိုင်သည့်အရွယ် ကလေးငယ်များ ကျောင်းနေနိုင်ရေးကနေ အဆင့်မြင့်တက္ကသိုလ်ပညာများကို သင်ယူနိုင်ရန်အထိ စီမံဆောင်ရွက်ပေးနေသည်ကို တွေ့ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်ကြသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ နေ့ချင်းညချင်း နတ်ရေကန်ထဲ ချလိုက်သကဲ့သို့ ပေါ်ပေါက်လာနိုင်သည်မျိုး မဟုတ်ဘဲ အဆင့်ဆင့် အချိန်ပေး တည်ဆောက်အကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ ဖြစ်လိုရလိုသည့် ဆန္ဒများ ချက်ချင်းမရနိုင်မှုအပေါ် အပြစ်ပုံချနေ၍ မရဘဲ ကြိုးပမ်းအကောင်အထည်ဖော်နေမှုများအပေါ် နားလည်စာနာစိတ်နှင့် အသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာသည့် အကျိုးအမြတ် ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မှန်ကန်ခိုင်မာသည့်မူ၊ လက်တွေ့ကျသည့်လမ်းစဉ်၊ စေတနာပါသည့် အကောင်အထည်ဖော်မှု၊ မှန်ကန်သည့် ဦးဆောင်မှုများနှင့်သာ တည်ဆောက်အကောင်အထည် ဖော်ကြရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မျှ မတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ယနေ့ရရှိနေပြီဖြစ်ကြောင်း။

ဘဏ်စုံ ကဏ္ဍစုံ နေရာစုံတွင် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ရရှိလာသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်တွင်းက စစ်မှန်သည့် စွမ်းအားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ကိုယ်ပိုင်စွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများဖြစ်ကြောင်း၊ ကျွန်ုပ်တို့အားလုံး ရည်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ရှေးရှုဦးတည် နေပြီဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များသည် အမျိုးသားရေးတာဝန်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်၊ အခြေခံနှင့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြမည်ဟု ဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်ကြောင်း။

ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် နိုင်ငံ၏နယ်မြေ ဒေသအသီးသီးက ပြည်သူများ၏ အကျိုးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရင်း လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာကြအောင် စည်းရုံးရေးနည်းလမ်းနှင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ လူထု၏အားပေးထောက်ခံ ပူးပေါင်းဆောင်ရွက်မှုကြောင့် အသင်းဝင် အင်အားသည်လည်း ၂၄ သန်းနီးပါးအထိ တိုးတက်လာပြီဖြစ်ကြောင်း။

တိုးတက်များပြားလာသည့် အသင်းဝင်များအနေနှင့် ပြည်သူ့အကျိုးကို ပိုမိုတိုးတက် ဆောင်ရွက်နိုင်အောင် စီမံဖွဲ့စည်းမှုများနှင့် လေ့ကျင့်မှုများ ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသော အရေအတွက်များဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း။

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေး၊ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်း၊ မှန်ကန်သောဦးဆောင်မှု ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းကရရှိလာသည့် အသိပညာများကို လက်တွေ့နယ်ပယ်တွင် ဆက်စပ်အသုံးပြုသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အသင်းကြီး၏ စုစည်းညီညွတ်သည့်အားနှင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် နှစ်စဉ်ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များသည် နယ်မြေ၏အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ဦးတည်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နယ်မြေဒေသအသီးသီး၌ ဆောင်ရွက်နေကြသည့် အကျိုးပြုလုပ်ငန်းတိုင်းသည် ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ကို ရှင်းလင်းပြသကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထုအနေနှင့် အသင်းကြီးကို ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

အနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းဝင်အားလုံး ပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများသည် မျက်ကွယ်ပြု၍ မရသည့် ပကတိ အရှိတရားများဖြစ်ကြကြောင်း၊ အတိတ်ကာလ၏ အခြေအနေပေးမှုများအပေါ် အနာဂတ်ကာလ၌ ဖြစ်လိုသည့်ဆန္ဒများနှင့် ပေါင်းစပ်ပြီး ပစ္စုပ္ပန်ကာလအတွက် အကျိုးဖြစ်ထွန်းစေရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်ကိုလည်း အထင်အရှား တွေ့မြင်နေကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ပုံရိပ်ကို ကျွန်ုပ်တို့အားလုံး ကြည်လင်စွာ မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

ပကတိ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို မှန်ကန်စွာရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုးပမ်းအားထုတ်မှုတိုင်းတွင် ပေါ်ပေါက်လေ့ရှိသည့် အခက်အခဲများ၊ ချို့ယွင်းအားနည်းမှုများကို ပြုပြင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ကြိုးပမ်းအကောင်အထည်ဖော်နေမှုများကို စာနာနားလည်ကြရမည်ဖြစ်ကြောင်း။

အရာရာကို မကောင်းသည့်အမြင်ဖြင့် အပြစ်ရှာပြီး ဝေဖန်ပြောဆိုမှုများ၊ ပုံကြီးချဲ့ပြီး လိုရာဆွဲပြောဆိုမှုများ၊ သေးသိမ်မှေးမှိန်အောင် လုပ်ကြံဖန်တီးပြောဆိုမှုများ၊ လူမှုရေးကိုအကြောင်းပြပြီး ဆန့်ကျင်လာအောင်၊ စီးပွားရေးကို အကြောင်းပြပြီး ဆန့်ကျင်လာအောင်၊ ဘာသာရေးကို အကြောင်းပြပြီး ဆန့်ကျင်လာအောင် လုပ်ဆောင်နေမှုများကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံကြီးအချို့ကလည်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးများကို အကြောင်းပြပြီး အလိုကျဖြစ်အောင် အကျပ်ကိုင်ဆောင်ရွက်မှုများ၊ ထောက်ပံ့ပေးကမ်းမှု၊ သူကောင်းပြုမှုများနှင့် အလိုကျလုပ်ကိုင်ပေးသူများ ပေါ်ထွက်လာအောင် ဖန်တီးလုပ်ဆောင်နေမှုများ၊ သွေးထိုးလှုံ့ဆော်နေမှုများ၊ အခါပေးမှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုကို ပြိုကွဲအောင်၊ တည်ငြိမ်မှုကို ပျက်ပြားအောင်၊ စီးပွားရေးကိုကျဆင်းအောင် ကြံစည်ဆောင်ရွက်မှုတိုင်းသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဟန့်အတား အနှောင့်အယှက်များ ဖြစ်သည်ဆိုသည်ကို ခွဲခြားသိမြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသည်လည်း သမိုင်းစဉ်တစ်လျှောက် အပြန်အလှန်စာနာမှု၊ နားလည်မှု၊ တွယ်တာမှုများနှင့် ချစ်ကြည်စွာ နေထိုင်ကြသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံရှင်သန်မှုများ ရှိကြပြီးဖြစ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါး၏ အခြေခံဖြစ်သည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းတည်ထောင်ထားတာဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ် မဟုတ်ဘဲ မိမိတို့ နယ်မြေလူထုထဲက လူထုများဟု ခံယူထားကြသူများဖြစ်ကြောင်း၊ မိမိတို့၏ နယ်မြေဒေသ အသီးသီး၏ အကျိုးကျေးဇူး တိုးတက်ဖြစ်ထွန်းစေမည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေး၊ သာသနာရေး စသည့် အရေးအရာမှန်သမျှကို မိမိတို့၏ အသင်းဝင်များနှင့်သာမက မိမိတို့လိုပဲ နေထိုင်ကြသည့် ရပ်မိရပ်ဖများ၊ ရပ်သူ ရွာသားများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘယ်အရာမဆို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းမလုပ်ဘဲ စုပေါင်းဆွေးနွေးတိုင်ပင် စုပေါင်းလုပ်ဆောင်ကြခြင်းဖြင့် ရည်မှန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် အကျိုးကျေးဇူးဖြစ်ထွန်းရန်ထက် မိမိတို့ကိုယ်တိုင် အပါအဝင် နယ်မြေလူထုတစ်ရပ်လုံး အကျိုးကျေးဇူးဖြစ်ထွန်းအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်အားလုံး တာဝန်၏အရေးပါမှုကို နားလည်ပြီး အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

- **သင်တန်းကရရှိလာသည့် အသိပညာ အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး နယ်မြေဒေသအသီးသီး၏ အကျိုးအတွက် ပိုမိုသယ်ပိုးနိုင်ရေး ကြိုးပမ်းသွားကြရန်။**
- **နိုင်ငံတော်၏ ပကတိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မှန်ကန်စွာရှုမြင်သုံးသပ်ပြီး ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူများ၏ အကျိုးအတွက် တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်။**
- **တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ ကျရာကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန်။**
- **တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ကြသူများ ဖြစ်ကြသည့်အတိုင်း အသင်းကြီး၏ ဦးဆောင်မှုကိုခံယူပြီး အမျိုးသားရေးအင်အားစုအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟုပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနားကို မေ ၆ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြို့နယ်ခန်းမတွင် ပြုလုပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဒေါ်မြမြဝင်းက ပြည်သူလူထုအခြေပြု စောင့်ရှောက်ခြင်းလုပ်ငန်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက အလှူရှင်များ လှူဒါန်းသည့် အလှူငွေများအား လက်ခံရယူပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက မြို့နယ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များသည် အမှတ် (၂၀) ရပ်ကွက်ရှိ နာတာရှည်လူနာများအား လိုက်လံကြည့်ရှု အားပေးပြီး အလှူငွေနှင့် ဆေးဝါးများအား ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**

(မြို့နယ်အမျိုးသမီးရေးရာ)

ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ လမ်းဘေးဖုန်းကို သုံးနေသည်

ငါးမင်းဆွေ

ပြည်ပတွင် ထုတ်ဝေသော မဇ္ဈိမသတင်းဂျာနယ်တွင် ကျွန်တော် ငါးမင်းဆွေအကြောင်း သတင်းတစ်ပုဒ် ရေးထားသည်ဟု အသိမိတ်ဆွေတစ်ဦးက အကြောင်းကြားလာသည်။ ကျွန်တော် ဖတ်ရှုနိုင်ရန် အင်တာနက်မှ ကူးယူပေးထားသည်ဟု ပြောလာသည်။ ရိုးသားစွာ ဝန်ခံရပါလျှင် ဒီနေ့အထိ အင်တာနက်ကို ကြားသာကြားဖူးသည်။ မကြည့်ဖူး၊ မမြင်ဖူးခဲ့ပါ။ ထို့ကြောင့် အသိမိတ်ဆွေအား များစွာကျေးဇူးတင်မိပါသည်။

ကျွန်တော်သည် အသိမိတ်ဆွေထံ ချက်ချင်းသွားပြီး ဖတ်ချင်စိတ်ဖြစ်မိသည်။ သို့သော် သထုံသွားရန် သမီးကြီးကားက လာကြိုတော့မည်ဖြစ်၍ စိတ်လျှော့လိုက်ရသည်။ ကျွန်တော့်အကြောင်း ဘာတွေများ ရေးထားတာလဲလို့ သိချင်ဇောဖြင့် မေးလိုက်ပါသည်။ အသိမိတ်ဆွေက "အစ်ကိုကြီးကို ဆော်ထားတာပေါ့ဗျာ၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်း မင်းဆွေကနေ ဖားမင်းဆွေ ဖြစ်လာပြီလို့ ရေးထားတယ်။ အစ်ကိုကြီးရေးတဲ့ 'ကုန်ဈေးနှုန်း ကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား' ဆောင်းပါးကို ဝေဖန်တိုက်ခိုက်ထားတာပါ။ အစ်ကိုကြီး စိတ်မပျက်ပါနဲ့၊ အစ်ကိုကြီး ရေးတာတွေက သူတို့ကို အထိနာသွားစေတယ်၊ ဒါကြောင့် အစ်ကိုကြီးကို ပြန်ဆော်တာ၊ တည့်မတ်မှန်ကန်စွာရပ်တည်တဲ့ မြန်မာလူထုက အစ်ကိုကြီးရေးတာတွေကို လက်ခံနေကြပါတယ်"ဟု ပြောသွားပါသည်။

မဇ္ဈိမဂျာနယ်တွင် ကျွန်တော် ငါးမင်းဆွေကို ဖားမင်းဆွေဟု ရေးလိုက်သည့်အတွက် စိတ်မပျက်ပါ။ ဒေါသလည်း မဖြစ်ပါ။ စိတ်လည်း မဆိုးပါ။ ရယ်ချင်စိတ်ပေါ်လာမိပြီး ပြုံးလိုက်ပါတော့သည်။

သထုံနယ်က ငါးကန်တွင် တစ်ပတ်ခန့်ကြာသွားသည်။ အလုပ်ပြီးသည်နှင့် ရန်ကုန်သို့ သုတ်ခြေတင်ခဲ့သည်။ အသိမိတ်ဆွေက အင်တာနက်မှ ကူးယူထားပေးသော မဇ္ဈိမ သတင်းဂျာနယ်ပါ 'တူမောင်ညို'၏ "ငါးမင်းဆွေကနေ ဖားမင်းဆွေ ဖြစ်လာပြီ" ဆောင်းပါးကို အားပါးတရ မြိန်ရေရှက်ရေ ဖတ်ရှုလိုက်ပါသည်။

မဇ္ဈိမသတင်းဂျာနယ်ပါ "ငါးမင်းဆွေကနေ ဖားမင်းဆွေ ဖြစ်လာပြီ" သတင်းဆောင်းပါးထဲမှ ကျွန်တော် ငါးမင်းဆွေ (တူမောင်ညို၏အဆိုအရ ဖားမင်းဆွေ)နှင့် ပတ်သက်သော ရေးသားချက်တို့ကို မြန်မာလူထု စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ပါရန် မူရင်းအတိုင်း တစ်ပိုဒ်ချင်းမျဉ်းသားဖော်ပြပြီး ရှင်းလင်းသွားပါမည်။

အရင်က "ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း မင်းဆွေ"ပဲ။

အခု ဖော်လံဖားတဲ့စာတွေ ရေးလာတော့ "ဖားမင်းဆွေ" ဖြစ်လာပြီ။

ကြော်ငြာနဲ့ ဈေးဝယ်မဂ္ဂဇင်း (အမှတ် ၁၃၈၊ ဇန်နဝါရီလ) ထဲမှာ အခုလို ဘုံမြှောက်ရေးထားတာ ဖတ်လိုက်ရပါတယ်။ "ထို့ကြောင့် Living Color မဂ္ဂဇင်းအနေဖြင့် ၂၀၀၆ ခုနှစ်အတွင်း ထွက်ရှိခဲ့သော နိုင်ငံပိုင်သတင်းစာဆောင်းပါးများအနက် ဂုဏ်သိက္ခာရှိသော ဆောင်းပါးတစ်ပုဒ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။" ယင်းဆောင်းပါးမှာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါရှိတဲ့ "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့"ဆိုတဲ့ ဆောင်းပါးကို ရည်ညွှန်းတာဖြစ်ပါတယ်။ ကြည့်ရတာ အနူတောကလူချော ဆိုတာမျိုးပဲထင်တယ်။ တစ်ဖက်လှည့်တွေးပြန်ရင်တော့ ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံပိုင်သတင်းစာ ဆောင်းပါးတွေဟာ ဂုဏ်သိက္ခာမရှိဘူးလို့ ယူဆမယ်ဆိုရင်လည်း ရတာပေါ့။ ကျီးဘုတ်မြှောက်၊ ဘုတ်ကျီးမြှောက်လုပ်နေတာတွေလို့ပဲ သဘောထားပါတယ်။

"၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးကို ဂုဏ်သိက္ခာရှိသော သတင်းဆောင်းပါးအဖြစ် Living Color မဂ္ဂဇင်းက ၂၀၀၆ မှတ်တိုင်များ အခန်းတွင် မှတ်တမ်းတင်ထားကြောင်း သမီးပြောမှ ကျွန်တော် သိခဲ့ရပါသည်။ ကျွန်တော်သည် Living Color မဂ္ဂဇင်းတွင် တစ်ခါမျှ ရေးသားဖူးခြင်း မရှိခဲ့ပါ။ ထိုမဂ္ဂဇင်း၏ အယ်ဒီတာများ၊ ဝိုင်းတော်သားများနှင့်လည်း သိကျွမ်းခြင်း မရှိခဲ့ပါ။ ထိုမဂ္ဂဇင်းအကြောင်းကိုလည်း တစ်ခါဖူးမျှ မရေးသားခဲ့ပါ။ ထို့ကြောင့် တူမောင်ညို၏ "ကျီးဘုတ်မြှောက်၊ ဘုတ်ကျီးမြှောက်"လို့ပဲ သဘောထားပါတယ်ဆိုသော ရေးသားချက်သည် အသားလွတ် အပုပ်ချရေးသားခြင်းသာဖြစ်ပါသည်။

တူမောင်ညိုက ကျွန်တော် ငါးမင်းဆွေကို အနူတောမှ လူချောလို့ ထင်တယ်ဟု ရေးသားသွားသေးသည်။ မိမိဘာသာ မိမိ သန့်ရှင်းစင်ကြယ်စွာ ကိုယ့်အားကိုယ်ကိုး ရှန်းကန်ရှာဖွေ လုပ်ကိုင်နေသော အနူတောမှ လူချောလူသန့်တစ်ဦးနှင့် သူတစ်ပါးပေးစာကမ်းစာကို တစာစာ အော်ဟစ်တောင်းခံနေသော အနူတောထဲက အနူရောဂါစွဲကပ်နေသည့် သူတောင်းစားတစ်ဦးတို့သည် မည်သူက ပို၍အဆင့်ရှိပါသလဲလို့ တူမောင်ညိုကို မေးချင်ပါသည်။ တူမောင်ညိုက ကျွန်တော့်အား အနူတောမှ လူချောဟု ဆိုလိုက်သဖြင့် တူမောင်ညိုကို ကျေးဇူးတင်ပါသည်။ ထို့ကြောင့် တူမောင်ညိုသာလျှင် အနူတောမှ သူတောင်းစား မဖြစ်ပါစေနဲ့ဟု ဆုတောင်းပေးလိုက်ပါသည်။

'ငါးမင်းဆွေ'က ဖော်လံဖားပြီး မတ်လ ၉ ရက်နေ့ မြန်မာ့အလင်း သတင်းစာမှာ "ကုန်ဈေးနှုန်း ကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား"ဆိုတဲ့ ဆောင်းပါးရေးလာပြန်ပါတယ်။

ကျွန်တော် ငါးမင်းဆွေ၏ "ကုန်ဈေးနှုန်း ကျချင်သလား၊ လျှပ်စစ်မီးမှန်ချင်သလား" ဆောင်းပါးသည် ဖော်လံဖားဆောင်းပါး ဟုတ်၊မဟုတ် ဆိုသည်ကို မြန်မာစာဖတ်ပရိသတ်များ ကောင်းစွာသိရှိကြပါသည်။ ဆန်ဈေးနှုန်း ကျဆင်းစေရန်အတွက် စပါးအထွက်တိုးရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတို့က ဓာတ်မြေဩဇာ အလုံအလောက် ဖြန့်ဖြူးရောင်းချပေးပါဟု ဆောင်းပါးတွင် အကြံပြုထားပါသည်။ မြေလွတ်၊ မြေရိုင်းများကို အမှန်တကယ် စိုက်ပျိုးသူများအား ခွဲဝေပေးရန် အကြံပြုထားပါသည်။ ထိုမြေလွတ်၊ မြေရိုင်းဖော်ထုတ်သူများကို ချေးငွေများ ထုတ်ပေးရန်လည်း အကြံပြုထားပါသည်။ နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင်ကြီးများနှင့် ၎င်းတို့ထံမှ လာဘ်ငွေယူသူများကို ပြင်းထန်စွာ အရေးယူသင့်ကြောင်း အကြံပြုထားပါသည်။ ထို့ကြောင့် နှစ်လုံး၊ သုံးလုံးဒိုင်များနှင့် ၎င်းတို့ထံမှ လာဘ်ငွေယူသူများက ကျွန်တော့်အား မကျေမနပ်ဖြစ်ကြသည်။ နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်သည်ဟု ငါးမင်းဆွေက ရေးသွားသည်။ ထို့ကြောင့် ငါးမင်းဆွေသည် စိတ်မှကောင်းပါရဲ့လားဟု ဒီမိုကရက်တစ်မြန်မာ့အသံက ပြောသွားသည်။ လူနေအိမ်ရာရပ်ကွက်များ လျှပ်စစ်မီး မှန်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စာကျက်နိုင်ရေးအတွက် လေအေးပေးစက်များ ဖြုတ်သိမ်းပေးရန် အကြံပြုထားပါသည်။ လေအေးပေးစက် တပ်ဆင်ထားသူအချို့၏ ပြစ်တင်ပြောဆို ဝေဖန်မှုတို့ကိုလည်း ကျွန်တော် ခံခဲ့ရပါသည်။

ဖော်လံဖားခြင်းဆိုသည်မှာ မိမိကိုယ်ကျိုးစီးပွားအတွက် သူတစ်ပါးကို မြှောက်ပင့်ရေးသား ပြောဆိုခြင်းဖြစ်ပါသည်။ "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါး သတင်းစာထဲပါလာပြီးနောက် ကျွန်တော့်ကို ကားကြီးကားကောင်းတစ်စီး ရသွားပြီဟု ကောလာဟလသတင်း ထုတ်လွှင့်ခဲ့ကြသည်။ ထိုသတင်းကြောင့် လျှပ်တစ်ပြက်ဂျာနယ်မှ ဆရာမြတ်ခိုင်က အင်တာဗျူးသွားသည်။ ကျွန်တော်က ပရာဒိုကား ရသွားသည်မှာ မဟုတ်ကြောင်း၊ ဤသို့ စာရေးခြင်းအတွက် ဘာအခွင့်အရေးမျှ မတောင်းကြောင်း၊ မယူကြောင်း၊ နိုင်ငံတော်က ပေးလျှင်သော်မှ မယူကြောင်း၊ စာ၏တန်ဖိုးကို ဘာနှင့်မျှ မလဲနိုင်ကြောင်း လျှပ်တစ်ပြက်ဂျာနယ် အတွဲ(၁) အမှတ်(၁၇)တွင် ရှင်းလင်းပြောကြားခဲ့ပါသည်။

"ငါးမင်းဆွေ"က သူ့ဆောင်းပါးထဲမှာ ကုန်ဈေးနှုန်းတွေတက်နေတာ၊ လျှပ်စစ်မီးတွေ မှန်မှန်မလာတာတွေကို ဝန်ခံထားတယ်။ သူလည်း ကုန်ဈေးနှုန်းတွေ ကျဆင်းစေချင်တဲ့အထဲ ပါဝင်ပါသတဲ့။ ဒါပေမယ့် သိမ်ကြီးဈေးရှေ့ မဟာဗန္ဓုလလမ်းပေါ် ဆန္ဒပြကြသူတွေလိုတော့ သတ္တိမရှိပါဘူး။

တူမောင်ညိုက သိမ်ကြီးဈေးရှေ့ မဟာဗန္ဓုလလမ်းပေါ် ဆန္ဒပြခဲ့သော ထင်ကျော် ခေါင်းဆောင်သည့် လူ ၁၀ယောက်၊ ၁၅ယောက်လောက်ကိုပဲ သတ္တိရှိကြသည်။ ကျန်တဲ့ သန်းငါးဆယ်ကျော်သော မြန်မာတွေ လမ်းမပေါ်ထွက်ပြီး ဆန္ဒမပြကြတာကို သတ္တိမရှိကြ၍ဟု ဆိုလိုရင်းဖြစ်သည်။ ထိုအထဲတွင် ငါးမင်းဆွေလည်း ပါသည်ဟု သူက ဆိုချင်သည်။ တူမောင်ညိုသည် ကျွန်တော် အပါအဝင် သန်းငါးဆယ်ကျော်သော မြန်မာလူထုကို ဆယ်ပေါင်တူဖြင့် ထုလိုက်ခြင်း ဖြစ်ပါသည်။

ယနေ့ မြန်မာတို့၏ စိတ်ဓာတ်သည် ၁၉၈၈ ခုနှစ်မတိုင်မီက စိတ်ဓာတ်မျိုးမဟုတ်တော့ပါ။ ခေတ်အခြေအနေ ပြောင်းလဲခဲ့သောကြောင့် မြန်မာတို့၏ စိတ်အခြေအနေသည်လည်း ပြောင်းခဲ့ပါပြီ။ လမ်းမပေါ် ဆန္ဒပြခြင်းသည် သတ္တိမဟုတ်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့် လုပ်ဆောင်ခြင်းသည်သာ သတ္တိဖြစ်ကြောင်း၊ ဘယ်သူခွဲခွဲ သွေးမကွဲဘဲ စည်းလုံးညီညွတ်ခြင်းသည်သာ သတ္တိအင်အားဖြစ်ကြောင်း မြန်မာတို့ သိရှိလာကြပါပြီ။ ထို့ကြောင့် ထင်ပေါ်လိုသော ထင်ကျော်၏ လုပ်ရပ်နှင့် ပြည်ပမီဒီယာတို့၏ မြှောက်ထိုးပင့်ကော်လုပ်ရပ်တို့သည် ရေပြင်ပေါ်တွင် အရုပ်ရေးသလို ဖြစ်ခဲ့ရသည်။

အခုလို ဆန္ဒပြမှုကလေးတွေကနေ လူထုအုံကြွမှုကြီးအထိ ကျယ်ပြန့်သွားမှာကိုလည်း ထိတ်လန့်စိုးရိမ်နေကြောင်း ဖော်ပြထားပါသည်။ လူထုအုံကြွမှုကြီးဖြစ်လာရင် အခြေခံလူတန်းစားတွေ အငတ်ဘေးကြီး ဆိုက်သွားမယ်လို့လည်း ခြိမ်းခြောက်လိုက်ပါသေးတယ်။ ထမင်းငတ်တဲ့ ဗိုက်က ကျည်ဆန်မကြောက်ဘူးလို့ အဖြေပေးပြီးသားပါ။

ဆူပူအုံကြွမှုကြီးဖြစ်လာလျှင် အခြေခံလူတန်းစားများ အငတ်ဘေးကြီး ဆိုက်နိုင်သည်ဟု ရေးသားခဲ့ခြင်းသည် တူမောင်ညိုပြောသလို ငါးမင်းဆွေက အခြေခံလူတန်းစားများကို ခြိမ်းခြောက်ခြင်း မဟုတ်ပါ။ ငါးမင်းဆွေသည် အခြေခံလူတန်းစားများနှင့် လက်ရည်တစ်ပြင်တည်း ထိတွေ့နေထိုင်နေသူ ဖြစ်ပါသည်။ သူတို့နှင့် ထမင်းတစ်အိုးတည်း နှိုက်စားနေသူ ဖြစ်ပါသည်။ မျက်မြင်ကိုယ်တွေ့ သိရှိလိုပါလျှင် တူမောင်ညိုကိုယ်တိုင် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာရှိ ငါးမင်းဆွေ၏ ငါးမွေးမြူရေးလုပ်ငန်းခွင်သို့ လာရောက်လေ့လာနိုင်ပါသည်။

မကြာသေးမီက ရန်ကုန်တိုင်းမ်ဂျာနယ်နှင့်ဖလားဝါးနယူးစ်ဂျာနယ်တို့တွင် ဖော်ပြခဲ့သော ငါးမင်းဆွေ၏ "သူတို့ဖို့လည်း ပိုချစ်ပါ" ဆောင်းပါးကို ရှာဖတ်ကြည့်ပါ။ ရှာ၍ မရတော့လျှင် ရန်ကုန်ဆိပ်ကမ်းသာလမ်းရှိ ရန်ကုန်တိုင်းမ် မီဒီယာအဖွဲ့တွင် အခမဲ့ သွားရောက်ဖတ်ရှုနိုင်ပါသည်။ ထိုဆောင်းပါးတွင် ငါးမင်းဆွေနှင့် လက်ရည်တစ်ပြင်တည်း နေထိုင်ကြသော အခြေခံလူတန်းစားများနှင့် သူတို့သားသမီးများ ဒုက္ခရောက်နေရပုံကို သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြထားပါသည်။ ဆောင်းပါး၏ နိဂုံးအပိုင်းတွင် လူကြီးမင်းတို့၏ သားသမီး၊ မြေးမြစ်များကို လူကြီးမင်းတို့ ချစ်သလို ဒုက္ခပင်လယ်ဝေနေကြသော ကိုယ့်နိုင်ငံသား အခြေခံလူတန်းစားများ၏ သား၊ သမီးတို့ဖို့လည်း ပိုချစ်ပေးကြပါလို့ ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါသည်။ တောင်းပန်ပါသည်ဟု ရေးသားထားပါသည်။ အခြေခံလူတန်းစားဘက်မှ ရပ်တည်နေသော ငါးမင်းဆွေအား အခြေခံလူတန်းစားများကို ခြိမ်းခြောက်သူအဖြစ် တူမောင်ညို၏ ရေးသားစွပ်စွဲမှုသည် အပုပ်ချရေးသားမှုသာဖြစ်ပါသည်။ တူမောင်ညိုသည် သားတို့သမီးတို့၏ အဖေကြီး ငါးမင်းဆွေကို ကေသီပန်သွေးပုပ်ချဆေး တိုက်လိုက်ခြင်း ဖြစ်ပါသည်။

တူမောင်ညိုက ထမင်းငတ်တဲ့ဗိုက်က ကျည်ဆန်မကြောက်ဘူးလို့ ပြောသွားသည်။ ကောင်းပါပြီ၊ စမ်းသပ်မှုလေးတစ်ခု လုပ်ကြည့်ရအောင်။ တူမောင်ညိုကို အခန်းတစ်ခုထဲ ပိတ်လှောင်ထားမည်။ ထမင်းမကျွေးဘဲ ထားမည်။ ကျည်ထိုးထားသော ပစ္စတိုသေနတ်တစ်လက် ပေးထားမည်။ ထမင်းမစားရဘဲ နှစ်ရက်ကြာလာသောအခါ တူမောင်ညိုသည် ထမင်းဆာလာပြီ၊ ထမင်းငတ်လာပြီဖြစ်သည်။ ထိုအခါ ထမင်းငတ်သော ဗိုက်သည် ကျည်ဆန် မကြောက်ဟု ပြောသော တူမောင်ညိုက ထမင်းငတ်နေသော မိမိ ဗိုက်ကို မိမိကို ပေးထားသော ကျည်ထိုးထားသည့် ပစ္စတိုဖြင့် ချိန်လိုက်ပြီး မောင်းကို ဆွဲဖြုတ်လိုက်ပါ။ ဘယ်လိုလဲ တူမောင်ညို၊ ပြောရုံနဲ့တင် အူယားသွားပြီ မဟုတ်လား။

မြန်မာနိုင်ငံတွင် ထမင်းငတ်သောဗိုက် မရှိသေးပါ။ ယခုအခါ ကျွန်တော့် ဆားကွင်းတွင် ဆားကျုံးရန် အလုပ်သမား အခက်အခဲဖြစ်နေသည်။ ငါးကန်တူးရန်လည်း အလုပ်သမား လိုက်ရှာနေရသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင် ပေါများပြီး လုပ်သားရှားပါးနေပါသည်။ အလုပ်အကိုင်ပေါသော မြန်မာနိုင်ငံတွင် အလုပ်လုပ်လျှင် မည်သူမျှ ထမင်းမငတ်ပါ။ အလုပ်မလုပ်ဘဲ နှစ်လုံး၊ သုံးလုံး ထိုးလျှင်တော့ သူများအိမ်မှာ ဆန်လိုက်ချေးရပေလိမ့်မည်။

တိုင်းပြည်မှာ အခြေခံလူတန်းစားတွေ အများစုဖြစ်တဲ့ လယ်သမား၊ အလုပ်သမား၊ မြို့နေဆင်းရဲသားတွေ၊ ဝန်ထမ်းတွေ ဘာကြောင့် အခုလို ဆင်းရဲနေကြရတာလဲ။ တိုင်းပြည်ရဲ့ ဥစ္စာဓနတွေကို အထက်တန်းစားတွေဖြစ်တဲ့ စစ်ဗိုလ်ချုပ်ကြီးတွေ၊ သူတို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေ၊ စစ်ဗိုလ်ချုပ်တွေနဲ့ပေါင်းပြီး စီးပွားဖြစ်နေကြတဲ့ စစ်ဗျူရိုကရက် လူတန်းစားတွေက လုယက်အပိုင်စီးထားကြလို့ပဲ ဖြစ်ပါတယ်။ ဒီအရင်းခံအကြောင်းတရားကို "ငါးမင်းဆွေ" မဖော်ထုတ်ဝံ့ဘူး။

တူမောင်ညိုက ယနေ့ခေတ်ကာလတွင် လယ်သမား၊ အလုပ်သမား၊ မြို့နေဆင်းရဲသားတွေ၊ ဝန်ထမ်းတွေ ဆင်းရဲနေကြသည်ဟု ဆိုသွားသည်။ ကျွန်တော်သည် မြန်မာနိုင်ငံအနှံ့ ကျေးလက်ဒေသများတွင် နေထိုင် လုပ်ကိုင်ခဲ့သည်။ လယ်သမား လူတန်းစားတို့မှာ ယခင်ခေတ်ကနှင့် မတူဘဲ အိမ်ကောင်းရာကောင်းများ ဆောက်လာနိုင်ကြသည်။ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်များ စီးလာနိုင်ကြသည်။

သားသမီးများကို တက္ကသိုလ်ပညာများ
ကျန်းမာရေးချို့တဲ့သောအခါ မြို့ကြီးများ
များတွင် တက်ရောက်ကုသလာနိုင်ကြသ

ကျွန်တော့်ဖခင် ဦးထွန်းငြိမ်းသည်
များကို လုပ်ကိုင်သော လယ်သမားတစ်
အစိုးရလက်ထက်တွင် ကျိုက်ထိုမြို့ပေါ်
တိုက်အိမ်ကြီးနှစ်လုံးကို ဆောက်လုပ်ပြီး နေ
ကားလည်း စီးနေသည်။ ကျွန်တော့်အစ်
လယ်သမားတစ်ဦးဖြစ်သည်။ သူလည်း
ကားနှင့် ဖြစ်နေသည်။ အစ်မငယ် မစော
ဖြစ်သည်။ သူလည်း ကျိုက္ခမီမြို့တွင်
သည်။ အငယ်ဆုံးညီမ ချိုချိုမြင့်သည်လ
သည်။ သူလည်း သထုံမြို့ပေါ်တွင် တိုက
သူတို့သည် မိမိ၏လယ်ယာခြံမြေ လုပ်
ပါသည်။ ကုန်သည်ပွဲစား၊ အရောင်းအဝ
သို့ဆိုပါလျှင် တူမောင်ညိုက လယ်
ဘာကြောင့်ပြောနေပါသနည်း။ လယ်သမား
ဒေသများသို့ တူမောင်ညို ခရီးထွက်လိုက

လယ်သမားအချို့တို့သည် မိမိစိုက
ကတည်းက ကုန်သည်ပွဲစားများထံမှ
သောက်စား လောင်းကစားပြုလုပ်ကြသ
အခါ အနိမ့်ဈေးဖြင့် ပေးရသည်။ လောင်းက
နေ၍ လုပ်ငန်းထိခိုက်ပြီး သီးနှံကလည်း ထ
ဤသို့ နှစ်ဖက်နာ၊ သုံးဖက်နာဖြစ်ပြီး လ
ကြရသည်။ မိမိအသုံးမကျပါလျှင် ကု
ပင်လျှင် ခွက်ဆွဲတောင်းစားရကြောင်းကို
လိမ့်မည်။

တစ်ခုတော့ ပြောစရာရှိသည်။ ကျွန်
ဆားလယ် (Salt Farm)၊ ငါးကန် (Fi
သော လယ်သမား (Farmer)တစ်ဦး
ရန်ကုန်မြို့တွင် ကိုယ်ပိုင်တိုက်ခန်း တ
တို့ကို ပိုင်ဆိုင်ထားသည်။ သို့သော် ငါး
သေးသော သထုံနယ်တွင် ငါးမွေးမြူရေး
သောကြောင့် စီးနေသောကားနှင့် ကိုင်နေ
ရောင်းလိုက်ရပါသည်။ သထုံနယ်တွင်
ဆိုင်ကယ်တစ်စီးလောက် ဝယ်စီးလျှင်
မိသည်။ လိုင်စင်နှင့် ဆိုင်ကယ်တစ်စီးက
လောက် ဖြစ်နေသည်။ ထို့ကြောင့် ဆိုင်
ညီမငယ် ချိုချိုမြင့်က အစ်ကိုတစ်
ဆိုက်ကားစီးလိုက်၊ လိုင်းကားတိုးစီးလိုက်
သဖြင့် စပါးတွေရောင်းပြီး လိုင်စင်မဲ့ ဆိုင်
ဝယ်ပေးခဲ့သည်။ လိုင်စင်မဲ့ဆိုင်ကယ်ကို သက်
သတင်းကြား၍ ညီမငယ်အား ပြန်ရောင်း
ကျွန်တော်လည်း သွားရေးလာရေးအတွက
တစ်စီးကို ကိုးသောင်းဖြင့် ဝယ်စီးခဲ့ရပါသ
မဝယ်မီ နှစ်လလောက်က ခုနစ်သောင်းခွဲ
ကြားတွင် အဖမ်းအဆီးများ၍ ဈေးတက်
ဆိပ်ကျွန်းငါးကန်မှ ကျိုက္ကော်မြို့သို့ ငါး
သည်။ ကျိုက္ကော်ရောက်လျှင် စက်ဘီးကို
ရန်ကုန်သို့ လိုင်းကားဖြင့်လာသည်။ ထို့ကြ
ဖားမင်းဆွေသည် စက်ဘီးစီးနေပါသည်။

ဖားမင်းဆွေသည် စက်ဘီးစီးပြီး
ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လို
ငါးပိသာ လေးသောင်းခန့် ထွက်ရှိခဲ့
တို့သည် မွေးမြူရေးငါးများကို ယခင်က
သည်။ မွေးမြူရေးငါး တစ်ပိသာကို လက်
ပေးရသည်။ ယခု ကျွန်တော့်ငါးကန်မှ
မွေးမြူရေးငါး တစ်ပိသာလျှင် လက်
၁၆၀၀ ဖြစ်သွားသည်။ ထို့ကြောင့် ငါးဈေးတ
ကျဆင်းသွားသည်။ အလျှုအတန်းလုပ်သေ
ငါးကန်တွင် ပိသာကိုးဆယ်၊ တစ်ရာ
ဖောက်သည်ဈေး ကျပ် ၁၂၀၀၊ ၁၃၀၀ ဖြ
အမျိုးသမီးများက ကျွန်တော့်ငါးကန်မှ ငါ
ဝယ်ယူရောင်းချကြရာ တစ်ဦးလျှင် တစ်
အထိ မြတ်ကြသည်။ သို့ရာတွင် ကျွ
သည် တစ်လခန့်နှင့် ပြီးဆုံးသွားသည်။ သ
သားငါးဈေး ကျဆင်းစေရန် ကျွန်တော့်
(၁၅)ယောက်လောက် ထပ်လိုနေပါသည်
ကျွန်တော့်လုပ်ငန်းလုပ်ရာ မွန်ပြည်နယ်
စီးပွားရေး လုပ်ငန်း လာရောက်လုပ်ကို
သည်။ အမေရိကန်မှ ရော်နယ်ရီဂင်သည်
သည်။ ထို့ကြောင့် မင်းကိုနိုင်သည်လည်း
ပါသည်။

သားသမီးများကို တက္ကသိုလ်ပညာများ သင်ပေးလာနိုင်ကြသည်။ ကျန်းမာရေးချို့တဲ့သောအခါ မြို့ကြီးများပေါ်ရှိ အထူးကုဆေးရုံကြီးများတွင် တက်ရောက်ကုသလာနိုင်ကြသည်။

ကျွန်တော့်ဖခင် ဦးထွန်းငြိမ်းသည် စပါးလယ်၊ ဆားလယ်များကို လုပ်ကိုင်သော လယ်သမားတစ်ဦးဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် ကျိုက်ထိုမြို့ပေါ်၌ ကြီးကျယ်ခမ်းနားသော တိုက်အိမ်ကြီးနှစ်လုံးကို ဆောက်လုပ်ပြီး နေထိုင်လာနိုင်သည်။ ကိုယ်ပိုင်ကားလည်း စီးနေသည်။ ကျွန်တော့်အစ်ကို ကိုစောအုန်းသည်လည်း လယ်သမားတစ်ဦးဖြစ်သည်။ သူလည်း သထုံမြို့ပေါ်တွင် အိမ်နှင့်ကားနှင့် ဖြစ်နေသည်။ အစ်မငယ် မစောမြင့်သည်လည်း လယ်သမားဖြစ်သည်။ သူလည်း ကျိုက္ခမီမြို့တွင် အိမ်ပိုင်၊ ကားပိုင်နှင့်ဖြစ်သည်။ အငယ်ဆုံးညီမ ချိုချိုမြင့်သည်လည်း လယ်သမားတစ်ဦးဖြစ်သည်။ သူလည်း သထုံမြို့ပေါ်တွင် တိုက်နှင့် ကားနှင့်ပင်ဖြစ်သည်။ သူတို့သည် မိမိ၏လယ်ယာခြံမြေ လုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ ကုန်သည်ပွဲစား၊ အရောင်းအဝယ်လုပ်ငန်းကို မလုပ်ကြပါ။ သို့ဆိုပါလျှင် တူမောင်ညိုက လယ်သမားတွေဆင်းရဲပါသည်ဟု ဘာကြောင့်ပြောနေပါသနည်း။ လယ်သမားများနေထိုင်သော ကျေးလက်ဒေသများသို့ တူမောင်ညို ခရီးထွက်လိုက်ပါဦး။

လယ်သမားအချို့တို့သည် မိမိစိုက်ပျိုးသော သီးနှံမပေါ်ခင်ကတည်းက ကုန်သည်ပွဲစားများထံမှ ငွေထုတ်ယူကြပြီး မူးယစ်သောက်စား လောင်းကစားပြုလုပ်ကြသည်။ သီးနှံထွက်လာသောအခါ အနိမ့်ဈေးဖြင့် ပေးရသည်။ လောင်းကစားခြင်းကိုသာ စိတ်ဝင်စားနေ၍ လုပ်ငန်းထိခိုက်ပြီး သီးနှံကလည်း ထွက်သင့်သလောက် မထွက်၊ ဤသို့ နှစ်ဖက်နာ၊ သုံးဖက်နာဖြစ်ပြီး လယ်သမားအချို့ ဒုက္ခရောက်ကြရသည်။ မိမိအသုံးမကျပါလျှင် ကုဋေရှစ်ဆယ် သူဌေးသားပင်လျှင် ခွက်ဆွဲတောင်းစားရကြောင်းကို တူမောင်ညို သင်ခဲ့ရပေလိမ့်မည်။

တစ်ခုတော့ ပြောစရာရှိသည်။ ကျွန်တော် ငါးမင်းဆွေသည်လည်း ဆားလယ် (Salt Farm)၊ ငါးကန် (Fish Farm)တို့ကို လုပ်ကိုင်သော လယ်သမား (Farmer)တစ်ဦး ဖြစ်သည်။ ကျွန်တော်သည် ရန်ကုန်မြို့တွင် ကိုယ်ပိုင်တိုက်ခန်း တစ်ခန်းနှင့် လုံးချင်းအိမ်ရာတို့ကို ပိုင်ဆိုင်ထားသည်။ သို့သော် ငါးမွေးမြူရေးလုပ်ငန်း မဖွံ့ဖြိုးသေးသော သထုံနယ်တွင် ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လိုသောကြောင့် စီးနေသောကားနှင့် ကိုင်နေသော လက်ကိုင်ဖုန်းတို့ကို ရောင်းလိုက်ရပါသည်။ သထုံနယ်တွင် သွားရေးလာရေးအတွက် ဆိုင်ကယ်တစ်စီးလောက် ဝယ်စီးလျှင် ကောင်းမလားလို့ စိတ်ကူးမိသည်။ လိုင်စင်နှင့် ဆိုင်ကယ်တစ်စီးကလည်း ကျပ်သိန်းနှစ်ဆယ်လောက် ဖြစ်နေသည်။ ထို့ကြောင့် ဆိုင်ကယ်ကိုပင် ဝယ်မစီးဖြစ်ခဲ့။ ညီမငယ် ချိုချိုမြင့်က အစ်ကိုတစ်ယောက် ဖိုသီဖတ်သီဖြင့် ဆိုက်ကားစီးလိုက်၊ လိုင်းကားတိုးစီးလိုက် လုပ်နေသည်ကို မမြင်ရက်သဖြင့် စပါးတွေရောင်းပြီး လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးကို ရှစ်သိန်းဖြင့် ဝယ်ပေးခဲ့သည်။ လိုင်စင်မဲ့ဆိုင်ကယ်ကို သက်ဆိုင်ရာကသိမ်းဆည်းမည်ဟု သတင်းကြား၍ ညီမငယ်အား ပြန်ရောင်းခိုင်းလိုက်ရပါသည်။ သို့နှင့် ကျွန်တော်လည်း သွားရေးလာရေးအတွက် စက်ဘီးဆိုင်မှ ဂျပန်ဘီးတစ်စီးကို ကိုးသောင်းဖြင့် ဝယ်စီးခဲ့ရပါသည်။ ဂျပန်ဘီးက ကျွန်တော် မဝယ်မီ နှစ်လလောက်က ခုနစ်သောင်းခွဲပဲရှိသည်။ သထုံနှင့် မြဝတီကြားတွင် အဖမ်းအဆီးများ၍ ဈေးတက်သွားသည်။ ကျွန်တော်သည် ဆိပ်ကျွန်းငါးကန်မှ ကျိုက်ကော်မြို့သို့ ငါးမိုင်ခရီးကို စက်ဘီးဖြင့်လာသည်။ ကျိုက်ကော်ရောက်လျှင် စက်ဘီးကို ဦးစော်ကဲအိမ်တွင် အပ်ပြီး ရန်ကုန်သို့ လိုင်းကားဖြင့်လာသည်။ ထို့ကြောင့် တူမောင်ညိုပြောသော ဖားမင်းဆွေသည် စက်ဘီးစီးနေပါသည်။

ဖားမင်းဆွေသည် စက်ဘီးစီးပြီး သထုံနယ် ဆိပ်ကျွန်းရွာတွင် ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လိုက်သောကြောင့် ယခုနှစ်တွင် ငါးပိဿာ လေးသောင်းခန့် ထွက်ရှိခဲ့ပါသည်။ သထုံနယ်သားတို့သည် မွေးမြူရေးငါးများကို ယခင်က ရန်ကုန်မှ ဝယ်စားခဲ့ရပါသည်။ မွေးမြူရေးငါး တစ်ပိဿာကို လက်လီဈေးတွင် ကျပ်နှစ်ထောင်ခန့် ပေးရသည်။ ယခု ကျွန်တော့်ငါးကန်မှ ငါးထွက်ရှိလာသောကြောင့် မွေးမြူရေးငါး တစ်ပိဿာလျှင် လက်လီဈေးတွင် ကျပ် ၁၅၀၀၊ ၁၆၀၀ ဖြစ်သွားသည်။ ထို့ကြောင့် ငါးဈေးတစ်ပိဿာလျှင် ကျပ်လေးငါးရာ ကျဆင်းသွားသည်။ အလှူအတန်းလုပ်သော အိမ်များက ကျွန်တော့်ငါးကန်တွင် ပိဿာကိုးဆယ်၊ တစ်ရာ လာဝယ်ကြသည်။ သူတို့ကို ဖောက်သည်ဈေး ကျပ် ၁၂၀၀၊ ၁၃၀၀ ဖြင့် ရောင်းချပေးသည်။ ရွာမှ အမျိုးသမီးများက ကျွန်တော့်ငါးကန်မှ ငါးများကို ခေါင်းရွက်ဗျပ်ထိုး ဝယ်ယူရောင်းချကြရာ တစ်ဦးလျှင် တစ်နေ့ ငါးထောင်မှ တစ်သောင်းအထိ မြတ်ကြသည်။ သို့ရာတွင် ကျွန်တော့် ငါးကန်ဖော်ခြင်းသည် တစ်လခန့်နှင့် ပြီးဆုံးသွားသည်။ သထုံနယ်တွင် တစ်နှစ်ပတ်လုံး သားငါးဈေး ကျဆင်းစေရန် ကျွန်တော့်လိုလူမျိုး (၁၀) ယောက်၊ (၁၅)ယောက်လောက် ထပ်လိုနေပါသည်။ ထို့ကြောင့် မင်းကိုနိုင်ကို ကျွန်တော့်လုပ်ငန်းလုပ်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဘက်တွင် စီးပွားရေး လုပ်ငန်း လာရောက်လုပ်ကိုင်ရန် အကြံပြုခဲ့ရခြင်းဖြစ်သည်။ အမေရိကန်မှ ရော်နယ်ရီဂင်သည် နွားမွေးပြီး နိုင်ငံရေးလုပ်ခဲ့သည်။ ထို့ကြောင့် မင်းကိုနိုင်သည်လည်း ငါးမွေးပြီး နိုင်ငံရေးလုပ်နိုင်ပါသည်။

မြို့နေ အခြေခံလူတန်းစားအချို့တို့သည် ယနေ့ခေတ်တွင် တဲပေါ်မှ တိုက်ပေါ်သို့ရောက်သွားကြသည်။ ဝန်ထမ်းအချို့သည်လည်း မြို့သစ်များတွင် ကိုယ်ပိုင်အိမ်ရာများနှင့် ဖြစ်လာကြသည်။

တိုင်းပြည်ဥစ္စာခနေတွေကို တူမောင်ညိုပြောသလို ဗိုလ်ချုပ်ကြီးများနှင့် သူတို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းက အပိုင်စီးမထားပါ။ ဗိုလ်ချုပ်ကြီးတစ်ဦး၏သားသည် ငါးမွေးမြူရေးကို လုပ်ကိုင်နေပါသည်။ ဝန်ကြီးတစ်ဦး၏ သားသည်လည်း ငါးမွေးမြူရေးကို လုပ်ကိုင်နေပါသည်။ ကျွန်တော်နှင့် မြန်မာနိုင်ငံသားတို့သည်လည်း သူတို့နည်းတူ ငါးမွေးမြူရေးကို လွတ်လပ်စွာလုပ်ကိုင်နိုင်ပါသည်။ တူမောင်ညိုလည်း လုပ်ကိုင်လိုပါလျှင် ကျွန်တော်နှင့်ဆက်သွယ်ပါ။ မ-ဆ-လ ခေတ်က ဗဟိုမှချုပ်ကိုင်သော ပြည်သူပိုင် စီးပွားရေးစနစ်ကြောင့် စစ်ဗိုလ်ချုပ်တို့၏သားသမီးများ၊ ဝန်ကြီး၊ ဝန်လေးတို့၏ သားသမီးများ စီးပွားမချမ်းသာခဲ့ကြပါ။ တိုင်းပြည်လူထုလည်း မွဲခဲ့ပါသည်။ ထိုခေတ်ကို တူမောင်ညို ပြန်သွားလိုပါသလား။

ယခုခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကြောင့် မြန်မာနိုင်ငံသားအချို့ ချမ်းသာလာကြသည်။ မြန်မာနိုင်ငံသားများ ချမ်းသာလာခြင်းသည် တိုင်းပြည်ချမ်းသာလာခြင်းဖြစ်သည်။ လူတစ်ယောက်သည် ဘယ်လောက်ချမ်းသာချမ်းသာ လင့်ခရူဆာကားနှစ်စီးကို ပေါင်ခွပြီး မစီးနိုင်ပါ။ သူတို့ချမ်းသာလာ၍ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်လာပါက ထုတ်ကုန်များကို ပြည်သူများသုံးစွဲရသည်။ သူတို့လုပ်ငန်းတွင် ပြည်သူများအလုပ်အကိုင်ရကြသည်။ သူတို့ချမ်းသာလို့ လေယာဉ်ကုမ္ပဏီထောင်လည်း ကျွန်တော်တို့ပဲ စီးရတာပဲမဟုတ်လား၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးသည် ပျားနှင့် တူပါသည်။ သူတို့ ရှာဖွေစုဆောင်းသော ဥစ္စာနေပျားရည်ကို လူထုသာလျှင် စားသုံးကြရသည်။ သို့ရာတွင် တိုင်းပြည်ကို ကိုက်ဖဲ့စားသောက်ပြီး ချမ်းသာလာသော ခြနှင့်တူသည့် စီးပွားရေးသမားတွေကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။ ဤအကြောင်းကို ရန်ကုန်တိုင်းမ်ဂျာနယ်တွင် “ခြလား ပျားလား” ဆောင်းပါးဖြင့် ကျွန်တော် အကျယ်တဝင့် ရေးခဲ့ပြီးဖြစ်ပါသည်။

ပြီးတော့ သူက စစ်အစိုးရရဲ့ ညောင်နှစ်ပင်ညီလာခံရလဒ်ကို ရှင်ပြုတော့မည့် သားငယ်ဘဝ ရောက်နေတယ်လို့ဆိုတယ်။ အဓိပ္ပာယ်ကတော့ ပြည်သူလူထုလူတန်းစား လူ့အလွှာပေါင်းစုံက ဝိုင်းဝန်းဆန့်ကျင်နေကြတယ်လို့ ပြောချင်တာလို့ ထင်ပါတယ်။

ဒီတစ်ခါတော့ တူမောင်ညို၏ထင်မြင်မှုသည် တကက်တက်စင်အောင် လွဲချော်နေပြီး လုပ်ကြံရေးသားထားခြင်း ဖြစ်ကြောင်း ထင်ရှားနေပါသည်။ ကျွန်တော်၏ဆောင်းပါးထဲတွင် “ညောင်နှစ်ပင်ညီလာခံ” ဆိုတာ မရေးထားပါ။ ရေးထားတာက နိုင်ငံတော်ကို ရှင်သာမဏေ ဝတ်မည့် သားငယ်ကဲ့သို့ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေရန် နိုင်ငံသားတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါဟု တိုက်တွန်းနှိုးဆော် ရေးသားထားခြင်းဖြစ်ပါသည်။ တူမောင်ညို ပြောသလို ညောင်နှစ်ပင်ညီလာခံရလဒ်သည် ရှင်ပြုတော့မည့်သားငယ်ဘဝကို ရောက်နေတယ် ဆိုပါလျှင်လည်း ရှင်ပြုတော့မည့် သားငယ်ဘဝကို ပြည်သူ လူထုလူတန်းစား လူ့အလွှာအသီးသီးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြမည်သာဖြစ်သည်။ ရှင်ပြုတော့မည့် သားငယ်ကို ပြည်သူလူထုလူတန်းစား လူ့အလွှာပေါင်းစုံက ဆန့်ကျင်နေကြတယ် ဆိုသော တူမောင်ညို၏ စကားသည် အမျိုးဘာသာ၊ သာသနာကို စော်ကားလိုက်ခြင်းပင် ဖြစ်ပါသည်။

“ငါးမင်းဆွေ”က ဆန်နဲ့ အထွေထွေကုန်ဈေးနှုန်းတွေ ကျဆင်းဖို့ စီးပွားရေး အမြော်အမြင် ကြီးမားစွာနဲ့ မြေလွတ် မြေရိုင်း ပလပ်မြေများတွင် စပါးတိုးချဲ့စိုက်ပျိုးပါလို့ စေတနာဗရပွနဲ့ အကြံတွေ ပေးထားပါသေးတယ်။

ဆန်ဈေးနှုန်း ကျဆင်းစေရန် မြေလွတ် မြေရိုင်း ပလပ်မြေများတွင် စပါးတိုးချဲ့စိုက်ပျိုးရမည် ဆိုသည်ကို မူလတန်းအဆင့် ကလေးကအစ သိပါသည်။ အဆိုးမြင်ဝါဒသမားတွေကတော့ ဒီအချက်ကို သိလျက်နှင့် မသိဟန်ဆောင်နေကြပြီး ဆန်ဈေးတက်တာကို တရားခံလိုက်ရှာနေကြသည်။ တကယ်တော့ နိုင်ငံတော်တွင် စားနပ်ရိက္ခာပေါများအောင် လုပ်ရမည့်တာဝန်သည် ပါးစပ်ပေါက်ပါသော အရွယ်ရောက်သည့် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါသည်။ တူမောင်ညိုမှာလည်း တာဝန်ရှိပါသည်။ နိုင်ငံသူ၊ နိုင်ငံသားတွေစားဖို့ တူမောင်ညို ဘာတွေ ထုတ်လုပ်ပေးခဲ့ပြီလဲ၊ ဒီလိုထုတ်လုပ်နိုင်အောင် ဘာတွေ ဝန်ဆောင်မှု ပေးခဲ့ပါပြီလဲ။ ကျေးဇူးပြု၍ အဖြေပေးပါ။

ဟုတ်ကဲ့။

ဆန်စပါးစိုက်ဧကတွေနဲ့ စပါးထွက်တွေ တိုးပွားလာသလောက် ကုန်ဈေးနှုန်းတွေ ကျဆင်းသွားပါရဲ့လား။

တိုးများလာတယ်လို့ဆိုတဲ့ စပါးအထွက်နှုန်းတွေကလည်း စာရွက်ပေါ်က လိမ်ညာဖော်ပြထားတဲ့ ကိန်းဂဏန်းတွေပဲလား။

ကျွန်တော့်ရဲ့ ဆောင်းပါးကို တူမောင်ညို သေသေချာချာ ဖတ်ပြီးမှ ဝေဖန်သင့်ပါသည်။ ကျွန်တော့်ဆောင်းပါးထဲမှာ ကျွန်တော် မြင်တွေ့နေရတဲ့လယ်တွေမှာ ဓာတ်မြေဩဇာမသုံးနိုင်လို့၊ လယ်သမားတွေ ဝီရိယမစိုက်လို့ တစ်ဧက စပါးနှစ်ဆယ့်ငါးတင်းနှုန်းပဲ ထွက်တယ်လို့ ရေးသားထားပါသည်။ အချို့ဝန်ထမ်းများ အပိုင်းတွင်လည်း ကွင်းဆင်း၊ ပညာပေး၊ ကွပ်ကဲမှု အားနည်းနေသည်၊ စာရင်းအင်း ဆိုင်ရာတင်ပြမှု အားနည်းနေသည်ဟု ရေးထားပါသည်။

ယခုခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကြောင့် မြန်မာနိုင်ငံသား အချို့ ချမ်းသာလာကြသည်။ မြန်မာနိုင်ငံသားများ ချမ်းသာလာခြင်း သည် တိုင်းပြည်ချမ်းသာလာခြင်းဖြစ်သည်။ လူတစ်ယောက်သည် ဘယ်လောက်ချမ်းသာ ချမ်းသာ လင့်ခရူဆာကားနှစ်စီးကို ပေါင်ခွပြီး မစီးနိုင်ပါ။ သူတို့ချမ်းသာလာ၍ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင် လာပါက ထုတ်ကုန်များကို ပြည်သူများသုံးစွဲရသည်။ သူတို့လုပ်ငန်း တွင် ပြည်သူများအလုပ်အကိုင်ရကြသည်။ သူတို့ ချမ်းသာလို့ လေယာဉ်ကုမ္ပဏီထောင်လည်း ကျွန်တော်တို့ပဲ စီးရတာပဲမဟုတ် လား၊ နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးသည် ပျားနှင့် တူပါသည်။ သူတို့ ရှာဖွေစုဆောင်းသော ဥစ္စာနေပျားရည်ကို လူထုသာလျှင် စားသုံးကြရသည်။ သို့ရာတွင် တိုင်းပြည်ကို ကိုက်ဖဲ့ စားသောက်ပြီး ချမ်းသာလာသော ခြနှင့်တူသည့် စီးပွားရေးသမား တွေကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။

လျှပ်စစ်မီးမှန်မှန်ရဖို့ဆိုရင် “ငါးမင်းဆွေ”အနေနဲ့ ရေများများရဖို့ မိုးများများရွာအောင် လွန်ဆွဲဖို့ ဆိုတဲ့အကြံပဲ ပေးစရာရှိပါလိမ့်မယ်။ ကြက်ဆူပင်တွေကလည်း အခုမှ စိုက်နေတုန်း၊ သဘာဝဓာတ်ငွေ့ကတော့ ထိုင်းနိုင်ငံကို ထုတ်ရောင်းလိုက်လို့ ပြည်တွင်းသုံးစရာ လက်ကျန်မရှိ တော့ဘူး။ ရေအားလျှပ်စစ်စီမံကိန်းကြီး ကိုးခုကလည်း အခုမှ ဆောက်လုပ်နေဆဲဖြစ်ပါတယ်လို့ တူမောင်ညိုက ဆိုထားပြန်ပါတယ်။

ဘယ်နိုင်ငံမဆို နိုင်ငံခြားသုံးငွေ လိုအပ်ပါတယ်။ နိုင်ငံခြားသုံးငွေရဖို့ မိမိထုတ်ကုန်ကို ပြည်ပရောင်းချဖို့လိုပါတယ်။ သဘာဝဓာတ်ငွေ့ကို ထိုင်းကို အကုန်ရောင်းလိုက်တာ မဟုတ်ပါဘူး။ ပြည်တွင်းကုန်ထုတ်စက်ရုံတွေအတွက် သုံးပါတယ်။ ပြည်တွင်းလျှပ်စစ်ဓာတ်အားပေး စက်ရုံတွေအတွက်လည်း သုံးနေပါတယ်။ C.N.G ကားတွေအတွက်လည်းသုံးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့၊ တူမောင်ညိုတို့ ငါးဆယ်ပေးပြီး လှည်းတန်းကနေ ဆူးလေအထိသွားနိုင်ကြတာမဟုတ်လား။ သဘာဝဓာတ်ငွေ့ဆိုတာက တူးဖော်ထုတ်လုပ်ပြီးလျှင် သိုလှောင်ရတာ အခက်အခဲရှိလို့ အကုန်ရောင်း၊ အကုန်သုံးရပါသည်။ ထုတ်လုပ်တဲ့ သဘာဝဓာတ်ငွေ့တွေကို လက်ကျန်ထား၍မရပါ။ လက်ကျန်ရှိလျှင် မီးရှို့ပစ်ရပါသည်။ ဒီလို အထွေထွေဗဟုသုတ အခြေခံကိုတောင် မသိဘဲ ကမ္ဘာအနှံ့ဖြန့်ချိတဲ့ မဇ္ဈိမဂျာနယ်ကြီးမှာ တူမောင်ညို သတင်းရေးနေတာကို ကျွန်တော်အံ့ဩမိပါတယ်။

လျှပ်စစ်ဓာတ်အား မလုံလောက်တဲ့ ယခုလိုအချိန်အခါမှာ ခြိုးခြံသုံးစွဲဖို့၊ မျှဝေသုံးစွဲဖို့ ကျွန်တော့်ဆောင်းပါးထဲမှာ အကြံပြုထားပါသည်။ အိမ်တွေနဲ့ ရုံးတွေမှာတပ်ထားတဲ့ လေအေးပေးစက်တွေကို ဖြုတ်ပစ်ဖို့ အကြံပြုထားပါသည်။ ဒါကိုဖားတယ်လို့ တူမောင်ညို ဆိုဦးမှာလား။ ဟုတ်ပါတယ်၊ အခြေခံလူတန်းစားတွေ မီးမှန်မှန်ရဖို့ ရေးလိုက်ခြင်းဖြစ်၍ အခြေခံလူတန်းစားတွေကို ကျွန်တော် ဖားလိုက်တာဖြစ်ပါသည်။ တူမောင်ညိုရဲ့ ဆောင်းပါးထဲမှာ လျှပ်စစ်မီးမှန်ဖို့ လေအေးပေးစက်တွေ ဖြုတ်သိမ်းရမယ်ဆိုတဲ့ အချက်ကို ထည့်မဝေဖန်ထားပါ။ တူမောင်ညိုရဲ့ အိမ်နဲ့ ရုံးမှာ လေအေးပေးစက် တပ်ထားလို့လား။ ကျွန်တော့်အိမ်မှာလည်း လေအေးပေးစက် တပ်ထားပါသည်။ အစိုးရကသာ လေအေးပေးစက်ဖြုတ်ဖို့ အမိန့်ထုတ်လျှင် ဖြုတ်ကြရအောင်။ လူနေအိမ်ရာရပ်ကွက်တွေ၊ ကျေးလက်မြို့ငယ်တွေ မီးလင်းဖို့အတွက် ကျွန်တော်တို့ အနစ်နာခံကြရအောင်။ မကောင်းဘူးလား တူမောင်ညို။

တူမောင်ညိုခင်ဗျား... ကျွန်တော်ဟာ လက်တွေ့သမားတစ်ယောက်ပါ။ ဒါကြောင့် လျှပ်စစ်ဓာတ်အားများများရအောင် မိုးများများရွာဖို့၊ လွန်ဆွဲဖို့ အကြံပေးမှာ မဟုတ်ပါဘူး။ မိုးရာသီမှာသာ မီးမှန်ပြီး နွေရာသီမှာ မီးမမှန်တဲ့အခြေအနေမျိုးမှာ နွေရာသီမှာ မီးမှန်ဖို့ သိပ္ပံနည်းဖြင့် မိုးတုရွာဖို့ အကြံပြုပါတယ်။ ဒါက လောလောဆယ်အခြေအနေပါ။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်စတဲ့ မြစ်မကြီးတွေကို အဆင့်ဆင့် ပိတ်ပြီးရင်တော့ နွေရာသီမှာ မိုးတုရွာဖို့မလိုတော့ပါဘူး။ ဒီမြစ်ကြီးတွေကို ပိတ်တာကိုလည်း ပြည်ပမီဒီယာတွေကပဲ ကဖျက်ယဖျက် လုပ်နေကြတယ် မဟုတ်လား။

‘ငါးမင်းဆွေ’အနေနဲ့ ရေးလို့ရတိုင်း ဖားလို့ရတိုင်း ရေးမနေပါနဲ့။

‘ငါးတစ်ပိုင်း ဖားတစ်ပိုင်း မင်းဆွေ’ကနေ ‘ဖားမင်းဆွေ’ ဖြစ်လာနေပြီ။

တူမောင်ညိုခင်ဗျား... ကျွန်တော်ဟာ ရေးလို့ရတိုင်း၊ ဖားလို့ရတိုင်း ရေးနေတာမဟုတ်ပါဘူး။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိအတွေ့အကြုံနဲ့ ရင်ထဲရှိတာတွေကို ရေးနေတာပါ။ ဒီလိုရေးတဲ့အတွက် မကြိုက်သူအချို့လည်း ရှိပါတယ်။ ဒါကြောင့် ၁၃-၂-၂၀၀၇ ရက်နေ့ထုတ် သတင်းစာတွေထဲမှာ “စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏” ဆောင်းပါးကို ရေးခဲ့ပါတယ်။

ဖားတစ်ပိုင်း ငါးတစ်ပိုင်း မင်းဆွေကနေ ဖားမင်းဆွေဖြစ်လာနေပြီလို့ တူမောင်ညိုက ဆိုပါတယ်။ ဖားတယ်ဆိုတာ ကိုယ်ကျိုးစီးပွားတစ်ခုခုရဖို့ မျက်နှာလို မျက်နှာရလုပ်ပြီး ရေးကြ ပြောကြတာပါ။ ကျွန်တော်ဟာ ယခုလို စာရေးခြင်းကြောင့် ဘာအကျိုးမျှ မမျှော်ကိုးကြောင်း၊ ဘာအခွင့်အရေးမှလဲ တောင်းမှာယူမှာ မဟုတ်ကြောင်းကို လျှပ်တစ်ပြက်ဂျာနယ်မှာ ရှင်းလင်းပြောခဲ့ပြီးပါပြီ။ ကျွန်တော်ဟာ ချမ်းသာချင်ပါတယ်၊ အိမ်ကြီးအိမ်ကောင်း၊ ကားကြီးကားကောင်းနဲ့ နေချင်၊ စီးချင်ပါတယ်။ ဒီလိုဖြစ်လာအောင် ကိုယ့်ဘာသာကိုယ် ရုန်းကန်စီးပွားရှာပြီး လုပ်ကိုင်ပါမယ်။ တူမောင်ညိုပြောသလို ငါးမင်းဆွေဟာ ဖားမင်းဆွေ ဖြစ်သွားပြီလို့ပဲ ထားလိုက်ပါ။ အဲဒီ ဖားမင်းဆွေဟာ ဒီနေ့ဒီအချိန်မှာ ကိုယ်ပိုင်ကားလည်း မရှိပါဘူး၊ ဆိုင်ကယ်လေးတစ်စီးတောင် မရှိပါဘူး။ လက်ကိုင်ဖုန်းလည်း မရှိပါဘူး။ ဖားမင်းဆွေ စက်ဘီးစီးနေပါတယ်။ လမ်းဘေးဖုန်းကို သုံးနေပါတယ်။

(**မေတ္တာရပ်ခံခြင်း**။ ဤသတင်းစာပါ “ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ လမ်းဘေးဖုန်းကို သုံးနေသည်” ဆောင်းပါးကို ဖတ်ရှုပြီး တူမောင်ညိုမှ ပြည်တွင်း ပြည်ပ မီဒီယာများမှနေ၍ ပြန်လည်ဝေဖန် ရေးသားပေးပါရန် မေတ္တာရပ်ခံပါသည်။)

ရန်ကုန်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူစိုက်ခင်း(ရွှေပြည်) တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းသည် မေ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရွှေပြည်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ခင်း(ရွှေပြည်) ၁၅၁၃ ဧကသို့ ရောက်ရှိပြီး စိုက်ခင်းများအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေမြောင်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မှော်ဘီမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ရှည်နှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများက ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရုံသာမက ရှင်သန်ဖြစ်ထွန်းအောင် ဂရုတစိုက် အလေးထား ထိန်းသိမ်းစိုက်ပျိုးကြရန်၊ အပင်မှအသီး အသီးမှအစေ့၊ အစေ့မှအဆီ ထုတ်ယူရရှိသည်အထိ စိုက်သမျှ အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အဝီစိတွင်းတူးဖော်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ စိုက်ခင်းများအတွင်း "ရစ်"များ မွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်၌ ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ခင်းမှ ထွက်ရှိသည့် ခြံစည်းရိုးကြက်ဆူစေ့များ၊ ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သို့ JUST FASHIONကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းက ဟော်ကီအားကစားဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ဟော်ကီအားကစားဝတ်စုံများလှူဒါန်း

ရန်ကုန် မေ ၆

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးအားကစားကဏ္ဍ မြှင့်တင်ရေး အစီအစဉ်အရ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် သိမ်ဖြူဟော်ကီအားကစားကွင်း၌ တည်ဆောက်လျက်ရှိသော ခေတ်မီမြက်ခင်းတု ဟော်ကီအားကစားကွင်းသည် ယခုအခါ ပွဲကြည့်စင်မှအပ ကျန်ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည့်အတွက် မကြာမီဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

အဆိုပါ ခေတ်မီမြက်ခင်းတု ဟော်ကီအားကစားကွင်း ဖွင့်ပွဲအခမ်းအနားတွင် ဟော်ကီသရုပ်ပြ ကစားပြသမည့် မျိုးဆက်သစ်လူငယ် ဟော်ကီအသင်း နှစ်သင်းနှင့် ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ဟော်ကီအားကစား ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင် ဟော်ကီနှစ်သင်းတို့ ဝတ်ဆင်ရန်အတွက် ဟော်ကီအားကစားဝတ်စုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်(တုန်းတာကုမ္ပဏီ)နှင့်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငွေကျပ်ငါးသိန်းတန်ဖိုးရှိသောအားကစားဝတ်စုံများကို JUST FASHION ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် မေ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မေ ၁ ရက်တွင် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ထွက်ခွာသွားကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်လည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာဂေါက်သီးရိုက်အသင်းတွင် ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (6th MGC Junior Golf Open Championship-2007)ကို မြန်မာဂေါက်သီးရိုက် အသင်းတွင် မေ ၂၄ရက်နှင့် ၂၅ရက်၌ ကျင်းပမည်။

အဆိုပါပြိုင်ပွဲတွင်အသက်(၁၀-၁၂) နှစ်၊ အသက် (၁၃-၁၅)နှစ်၊ အသက် (၁၆-၂၀)နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက် (၁၀-၁၈) နှစ်အထိ ဟူ၍ လေးတန်းခွဲခြား ကျင်းပမည်ဖြစ်ပြီး ဆုများကိုသက်တန်းအလိုက်ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆုများကို မြန်မာဂေါက်သီးရိုက် အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက အဓိက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မေ ၂၁ ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင် စာရင်းပေးသွင်းရမည် ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိ လိုသည်များကို မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝိပဿနာအလုပ်ပေးတရားစခန်းကျင်းပမည်

ရန်ကုန် မေ ၆

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ကြီး၌ ရွှေစင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ဆရာတော်နှင့် ရန်ကုန်မြို့ သဒ္ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တသုဇနေ (ဝိနယဝိဒူ) အရှင်မြတ်တို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ မဟာစည်ဝိပဿနာအလုပ်ပေးတရားစခန်းကြီးကို တန်ခူးလပြည့်ကျော် ၈ ရက်မှ ကဆုန်လဆန်း ၃ ရက် (မေ ၉ ရက်မှ ၁၈ ရက်)အထိ ၁၀ ရက်တိုင်ကျင်းပမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူများအနေဖြင့် တန်ခူးလပြည့်ကျော် ၇ ရက် နောက်ဆုံးထား၍ တိပိဋကဓမ္မနာဒစာသင်တိုက် ဖုန်း-၀၉၅၀၁၁၇၃၃၊ ၂၀၀၆၁၃၉ နှင့် မန္တလေး တိ-နိ ဌာနခွဲ ဖုန်း-၀၂-၃၀၁၉၀ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ညောင်ရိပ်သာဆရာတော်ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် အဆောက်အအုံပန္နက်တင်ပွဲ ကျင်းပ

ရန်ကုန် မေ ၆

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ညောင်ရိပ်သာ တရားစခန်း ပဓာန နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကေသရာဘိဝံသအား ဂုဏဝိသိဋ္ဌပူဇော်ပွဲ၊ ညောင်ရိပ်သာတိုးချဲ့ တရားစခန်း လေးထပ်အဆောက်အအုံ ပန္နက်တင်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ မင်္ဂလာအခမ်းအနားကို မေ ၁ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ညောင်ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ငွေကျပ်သိန်း ၁၇၀ လှူဒါန်းသည်။ အလှူရှင် ၁၅၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိဇလဗုဒ္ဓိက အနုမောဒနာတရားကို ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသံမစဲမေတ္တာပွားများပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

နှစ်ဟောင်းကို မေတ္တာဖြင့် ကုန်ဆုံးစေပြီး နှစ်သစ်ကို မေတ္တာဖြင့် ကြိုရန်နှင့် တစ်ကမ္ဘာလုံးသို့ မေတ္တာဓာတ်များ ပြန့်ပွားရန် ရည်ရွယ်၍ အကြိမ် (၂၀) မြောက်သင်္ကြန်တွင်းအသံမစဲ စုပေါင်းမေတ္တာပွားများပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီးတန်ဆောင်း မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ယင်းစေတီတော်ရှိ ဆိပ်ကမ်းဓမ္မာရုံကြီး၌ သင်္ကြန်အကြိုနေ့ (မေ ၁၃ရက်) နံနက် ၅ နာရီမှ နှစ်ဆန်းတစ်ရက်နေ့ (မေ ၁၇ရက်) ညနေ ၅နာရီအထိ နာရီပေါင်း ၁၀၈ နာရီကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူတိုင်း လာရောက်မေတ္တာပွားများနိုင်ကြောင်းနှင့်သက်သတ်လွတ်အာဟာရဒါနအတွက် အလှူတော်ငွေများပါဝင်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သုတစွယ်စုံစာပေဆု ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် **"ဒုတိယအကြိမ်မြောက် သုတစွယ်စုံစာပေဆု"** ရရှိသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများမှာ သုတစွယ်စုံ ဝိဇ္ဇာစာပေဆုအတွက် မောင်ဝံသ၏ **"သတင်းစာပညာ၊ သဘောတရားနှင့် လက်တွေ့"**၊ စာပဒေသာ စာပေဆုအတွက် ဒေါက်တာသက်လွင်၏ **"လွမ်းဖွယ်တွေပေါပါတဲ့ တို့ယောမြေ"**၊ သိပ္ပံစာပေဆုအတွက် ဦးကျော်ညွှန့်၏ **"ဆန်းသစ်လာသောနာနိုနည်းပညာ"**၊ အသုံးချသိပ္ပံစာပေဆုအတွက်ဒေါက်တာ မြင့်မြင့်ခင်၏ **"ဆီးချိုလူနာလမ်းညွှန်"**၊ ဘာသာပြန်စာပေဆုအတွက်အောင်သန်းထွန်း(မုံရွာ)၏ **"ဒုတိယကမ္ဘာစစ် ဇာတ်ဆောင် ၁၀၀"**၊ ရည်ညွှန်းစာပေဆုအတွက် ရာပြည့်ဦးစိုးညွန့်၏ **"၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀"**နှင့် တစ်သက်တာ စာပေဆုအတွက် ဦးလှကြိုင်(ဆရာပါရဂူ)တို့ ဖြစ်ကြသည်။

၂၀၀၅ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များမှရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယခုလအတွင်းကျင်းပမည်ဖြစ်ပြီးကျင်းပမည့် နေ့ရက်နှင့်နေရာကို ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ဆုရရှိသူများအနေဖြင့် ဖုန်း-၃၇၄၄၀၀နှင့်၂၅၂၄၁၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China National Pharmaceutical Foreign Trade Corporation Beijing** ကုမ္ပဏီမှ **President Mr. Lizhixin** ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်းအား ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ China National Pharmaceutical Foreign Trade Corporation Beijingကုမ္ပဏီမှ President Mr. Lizhixinခေါင်းဆောင်သော အဖွဲ့သည် ဧပြီ ၄ရက် ညနေ ၅နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြန်မာ သာသနာ့ရိပ်သာ သင်္ကြန်ဒုလ္လဘ တရားစခန်း

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် အာသာဝတီလမ်း (ဘုန်းကြီးလမ်း)ရှိ ရွှေမြန်မာ သာသနာ့ရိပ်သာတွင် ၁၃၆၈ခုနှစ်၊ တန်ခူးလဆန်း ၁၁ရက်မှ နှစ်ဆန်း ၁ရက်အထိ ဧပြီ ၁၂ရက်မှ ဧပြီ၁၇ရက်ထိ တရားစခန်း ဝင်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများသည် ဖုန်း-၆၆၀၄၆၁၊ ၃၈၈၅၇၅၊ ၃၈၁၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ခေမာရာမ သီလရှင်စာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ဓမ္မရတနာ နှစ်ထပ် ကျောင်းဆောင်အတွက် အလှူငွေ ပေးအပ်ပွဲကို ဧပြီ ၁ရက်က ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေများကို ခရိုင်သာသနာရေးမှူး ဦးအောင်သန်းကျော် လက်ခံယူစဉ်။(၅၂၇)

မန္တလေးတိုင်း ဗုဒ္ဓဂယာမြေ မြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း ပညာရေး ဗိမာန်တော်ကြီးအတွက် တနင်္သာရီတိုင်း ပုလောမြို့နယ် ရှပ်ပုံရွာနေ အလှူရှင် ဦးမောင်အေး-ဒေါ်ခင်သန်း၊ သမီး မသီတာမိသားစုက ကျောင်းအလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် အထွေထွေ အတွင်းရေးမှူး ဒေါ်မြရှင် (သီရိသုဓမ္မသိင်္ဂီ)ထံသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၅ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ဖိတ်ကြားထားသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ စတင်တည်ထောင်သောနေ့ Foundation-Day အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ချီးမြှင့်

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်)ရ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)ရ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)ရ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့် အခြားဂုဏ်ထူးဆောင်တံဆိပ် ရရှိကြသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အမှတ်တရ

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင် ဦးအောင်မြင့်က ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် လက်ဆောင်ပေးအပ်ပြီး အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းကျင့်ဝတ်ရေးဖြေ စာမေးပွဲတွင် အရာရှိအဆင့်နှင့် အခြားအဆင့်တို့၌ ပထမဆုရ ဒေါ်သန္တာမျိုးအောင် ဌာနစုမှူး (လေ့ကျင့်ရေး)နှင့် ဒေါ်နီနီရှိန် (အလယ်တန်းပြ)၊ ဒုတိယဆုရ ဒေါ်နန်းယုဆွေ လက်ထောက်ကထိက (စီးပွားရေး)နှင့် ဒေါ်ချိုသဲဖြူ သုတေသန လက်ထောက် (၂)၊ တတိယဆုရ ဒေါ်ခင်မေဦး လက်ထောက်ကထိကနှင့် ဒေါ်မော်မော်ဝင်း အငယ်တန်း စာရေးတို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များက ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများနှင့် ဝန်ထမ်းမိသားစုများမှ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

Ranbaxy Junior တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

Ranbaxy Junior Tennis ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၇နာရီခွဲတွင် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် Ranbaxy Co.,Ltd မှ Country Manager Mr. Gursharan Singh တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ Ranbaxy JuniorTennis ပြိုင်ပွဲကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် Ranbaxy Co.,Ltdမှ Country Managerတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသက် ၁၀နှစ်အောက်၊ အသက် ၁၂နှစ်အောက်၊ အသက် ၁၄နှစ်အောက် အားကစားသမား ၈၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဧပြီ ၁၀ ရက်အထိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မီးလောင်မှု သတင်း

ရန်ကုန် ဧပြီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ မတ် ၂၉ရက်တွင် မီးလောင်ကျွမ်းခဲ့ရာ အဆောက်အအုံလေးလုံး၊ အဆောင်သုံးဆောင်နှင့် အသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

မန္တလေးတိုင်း ညောင်ဦးမြို့နယ် မြောင်ကျေးရွာ၌ မတ် ၃၀ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၇၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၇၁စု မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၂၅	၅။	ကျန်းမာသုတ
၁၂:၃၀	၆။	**ရုပ်မြင်သံကြားဇာတ်လမ်း "ရင်ရိုပ်ရေစက်သင်္ကြန်လက်ဖြင့်" (ခန့်စည်သူ၊ မျိုးစန္ဒီကျော်) ဒါရိုက်တာ-မောင်ပြည့်ဝ(ပန်းဝေသီ)**
၁:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅	၈။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ခါသင်္ကြန်အဆိုအကများ
၄:၂၀	၄။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅	၅။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	နိုင်ငံတကာသတင်း
၆:၂၀	၉။	မိုးလေဝသသတင်း
၆:၂၅	၁၀။	ခါသင်္ကြန်အဆိုအကများ
၆:၃၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၃။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၃၈)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Portsmouth Vs Manchester Uinted (Live)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

ခရမ်းမြို့ ကံသာကျောင်းတိုက်၌ တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ကံသာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိက ဦးစီးလျက် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စတုတ္ထအကြိမ် ခုနစ်ရက်တရားစခန်းကို ဇွန် ၁၀ ရက်မှ ၁၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် ဘဒ္ဒန္တ ဇောတိကနှင့် မဟာသဒ္ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင် (မန္တလေး)တို့က ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောပြော ပို့ချမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်မည့် ဆရာတော် သံဃာတော်များနှင့် ယောဂီများအတွက် ပါဝင်လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၁ ၃၉၀၁၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ သကြိန်တရားပွဲ

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက၊ စာချ သာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ မဟာဆွေလမ်း မိသားစု၏ ဓမ္မသဘင်ပွဲနှင့် သီရိမြိုင် (၃)လမ်းရှိ သာသနာ့ပါလဓမ္မာရုံ၏ ဓမ္မပူဇာသဘင်ပွဲ၊ ဇွန် ၁၅ ရက်တွင် လှိုင်မြို့နယ် (၁၁)ရပ်ကွက်ရှိ ဇေယျဝံသကျောင်းတိုက်၏ ဓမ္မပူဇာသဘင်ပွဲနှင့် ဇွန် ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်ရှိ သာသနရက္ခိတဓမ္မာရုံ၏ ဓမ္မာပူဇာသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

အင်တာနက်အားကစားသတင်းများ

ယူအီးအက်ဖ်အေပွဲတွင် ဆီဗီလာက စပါးကို အနိုင်ရ

ပါရီ ဇွန် ၆

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ဘောလုံးပြိုင်ပွဲကို စပိန်နိုင်ငံတောင်ပိုင်း ဆီဗီးလ်မြို့ရှိ ပစ်ယွန်အားကစားကွင်းတွင် ဇွန် ၅ ရက်က ကျင်းပရာ ဆီဗီလာအသင်းက တော့တင်ဟမ် ဟော့စပါးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ပွဲစတင်ပြီး နှစ်မိနစ်မျှသာကြာမြင့်သောအချိန်တွင် စပါးအသင်းမှ ရော်ဘီကိန်းက ဒီမစ်တာဘာဟာတော့ဗ် ဖြတ်ပို့လိုက်သောဘောလုံးမှတစ်ဆင့် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။

ပွဲချိန် ၁၉မိနစ်တွင် စပါးအသင်း၏တိုက်စစ်မှူးဟောင်း ဖရက်ဒီကနူတေးက ဆီဗီလာအသင်းအတွက် ချေပဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူနိုင်သည်။ ပွဲချိန် ၃၆ မိနစ်တွင် ဆီဗီလာအသင်းအတွက် အနိုင်ဂိုးကို ရုရှားလူမျိုး ကာဇင်ဘော့ဇ်က သွင်းယူခဲ့သည်။ **အင်တာနက်**

ဇွန် ၅ ရက်က စပိန်နိုင်ငံ ဆီဗီးလ် မြို့တွင် ကျင်း ပ သည့် ယူ အီး အက်ဖ် အေ ဖ လား ဘောလုံး ပြိုင်ပွဲတွင် စပါးအသင်းမှ ပါစကယ် ချင်ဘွန်ဒါ (ယာ)**နှင့် ဆီဗီလာအသင်းမှ ဖရက်ဒီ ကနူတေး တို့ကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

အေစီမီလန်ဂိုးသမား ဒီဒါ။ *(ဓာတ်ပုံ–အင်တာနက်)*

အေစီမီလန်ဂိုးသမားဘက်မှ ဘာလူစကွန်နီ ကာကွယ်ပြောကြား

မီလန် ဇွန် ၆

မိမိ၏အသင်းမှ ဂိုးသမား ဒီဒါ၏ ကစားပုံကိုမိမိကြိုက်နှစ်သက်ခြင်းမရှိဆိုသော မီဒီယာသတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း အေစီမီလန်အသင်းဥက္ကဋ္ဌ ဆယ်ဗီယို ဘာလူစကွန်နီက ယနေ့ပြောကြားသည်။

ဂိုးသမားဒီဒါသည် ထူးချွန်သည့်ဘောလုံးသမားဖြစ်ပြီး ၎င်း၏နေရာ တွင် အခြားဘောလုံးသမားတစ်ဦးနှင့် မည်သည့်အခါတွင်မျှ အစားထိုးမည်မဟုတ်ကြောင်း ဘာလူစကွန်နီက ပြောကြားသည်။

အေစီမီလန်အသင်း ဂိုးပေးရသည့် ဗီဒီယိုပြကွက်များကို မိမိပြန်လည်လေ့လာရာတွင် ၎င်း၏အားနည်းချက်ကြောင့် ဂိုးပေးရခြင်းမဟုတ်သည်ကို တွေ့ရကြောင်း၊ ၎င်း၏ကစားပုံမှာ ကျေနပ်ဖွယ်ဖြစ်ကြောင်း ဘာလူစကွန်နီ က ပြောကြားသည်။ **အင်တာနက်**

ဟင်နရီအား ခေါ်ယူရန် ဘာစီလိုနာ ကြိုးပမ်းပြန်

လန်ဒန် ဇွန် ၆

စပိန်နိုင်ငံမှ ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းခေါင်းဆောင် သီယာရီဟင်နရီအား ခေါ်ယူနိုင်ရန် ထပ်မံကြိုးပမ်းလာသည်ဟု အင်္ဂလန်တွင်ထုတ်ဝေသောသတင်းစာတစ်စောင်က ယနေ့ ရေးသားဖော်ပြသည်။

ဟင်နရီသည် လက်ရှိဘောလုံးရာသီကုန်ဆုံးသည့်အခါ လန်ဒန်မြောက်ပိုင်းရှိ အမ်မရိတ်ကွင်းမှ ထွက်ခွာသွားလိမ့်မည်ဟု ဒေးလီးမေးလ် သတင်းစာက ရေးသားဖော်ပြသည်။ ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မဒရစ်အသင်းတို့သည် လွန်ခဲ့သည့် နွေရာသီကလည်း ဟင်နရီအား ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ဟင်နရီသည် အာဆင်နယ်အသင်းမှာပင် ဆက်လက်ရှိနေရန် ဆုံးဖြတ်ခဲ့သည်။

အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက ယင်းသတင်းဖော်ပြချက်ကို ချက်ချင်းပင် ငြင်းဆန်ခဲ့သည်။ ဟင်နရီသည် မိမိတို့အသင်းမှာပင် ပျော်မွေ့နေပြီဖြစ်ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။ **အင်တာနက်**

အသင်းပြောင်းရေး မဆုံးဖြတ်ရသေးကြောင်း ရီးယဲလ်မဒရစ်မှ ရော်ဘတ်တိုကားလို့စ်ပြော

မဒရစ် ဇွန် ၆

လာမည့် ဘောလုံးရာသီတွင် မည်သည့်အသင်းတွင် ပါဝင်ကစားရမည်ကို မိမိဆုံးဖြတ်ရဦးမည်ဖြစ်ကြောင်း ရီးယဲလ်မဒရစ်အသင်းမှ နောက်တန်းလူ ရော်ဘတ်တိုကားလို့စ်က ယနေ့ပြောကြားသည်။

ဘရာဇီးလူမျိုး ရော်ဘတ်တိုကားလို့စ်သည် ၎င်း၏ ကန်ထရိုက်စာချုပ် သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အလိုမှာပင် ရီးယဲလ်မဒရစ်အသင်းမှ ထွက်ခွာမည်ဖြစ်သည်။

ကြေညာမည်

တူရကီ၊ ကာတာ၊ ဒူဘိုင်းနှင့် အင်္ဂလန်တို့ရှိ အသင်းများက မိမိအား ကမ်းလှမ်းထားကြောင်း၊ လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မဒရစ်အသင်း ချန်ပီယံဆုဖလားရရှိချိန်အထိ မိမိရှိနေရန် လိုလားကြောင်း၊ လက်ရှိဘောလုံးရာသီပြီးဆုံးမှသာလျှင် မည်သည့်အသင်းသို့ မိမိပြောင်းရွှေ့မည်ကို ကြေညာမည်ဖြစ်ကြောင်း ရော်ဘတ်တိုကားလို့စ်က ပြောကြားသည်။ **အင်တာနက်**

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

တိုက်ရှေ့မှစျေးသည်များရှင်းလင်းပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ရတနာမွန်လမ်း တိုက်–၂၉ ရှေ့ တစ်လျှောက်နှင့် တိုက်လှေကားဝတို့တွင် ဈေးသည်များ ပိတ်ဆို့၍ ဈေးရောင်းချနေကြပါသည်။ ထို့အပြင် ဆိုက်ကားများလည်း ဂိတ်ထိုး၍ရပ်နားနေကြပါသဖြင့် တိုက်ခန်းတွင်နေသူများနှင့် မော်တော်ယာဉ်များ သွားလာဝင်ထွက်ရာတွင် အခက်အခဲ ကြုံတွေ့ကြရပါသည်။ ယခုအခါ ဈေးသည်များ တိုးလာသဖြင့် မုန့်ညှော်နံ့များနှင့် မီးခိုးနံ့များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရသည့်အပြင် ယာဉ်အဝင်အထွက်၊ ပစ္စည်းများ အတင်အချပြုရာတွင်ပါ အခက်အခဲရှိနေပါသဖြင့် လိုအပ်သလို စိစစ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းရှင်းစေလိုသူများ**

စည်းကမ်းမဲ့အမှိုက်ပစ်သူ အရေးယူပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း အမှတ် ၂၀၇၊ ၂၀၉ တိုက်ခန်းများရှေ့တွင် အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ ယင်နှင့်ကြွက်များပေါများပြီး အမှိုက်ပုံမှ အနံ့ဆိုးများ ထွက်ပေါ်နေပါသည်။ လမ်းအတွင်းရှိ ပြည်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

သောက်သုံးရေရရှိရေးဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

မကွေးတိုင်း ချောက်မြို့နယ် ထိန်စမ်းကျေးရွာအုပ်စု တုံ့ရွာတွင် မိုးရာသီ၌ ကန်ရေဖြင့် သောက်သုံးရေအဆင်ပြေသော်လည်း နွေရာသီတွင် ရေကန်များ ခြောက်ခန်းမှုကြောင့် နှစ်စဉ်သောက်သုံးရေ အခက်အခဲဖြင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ နွေရာသီ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။ **ရေလိုသူများ**

နောက်ဖေးလမ်းကြား သန့်ရှင်းစေချင်

စာတည်းရှင့်–

ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက် ရေကျော်လမ်းမကြီး အိမ်အမှတ် ၆၄၊ ၆၆၊ ၆၈နှင့် ဦးဝိစ္ဆာလမ်း အိမ်အမှတ် ၁၃၊ ၁၅၊ ၁၇ တိုက်ခန်းများ၏ နောက်ဖေးလမ်းကြားတွင် ရေပိုက်များ၊ မိလ္လာပိုက်များ ပေါက်နေခြင်း၊ မိလ္လာကန်များ လျှံထွက်နေခြင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူ**

သီရိမင်္ဂလာရပ်ကွက် ရေရရှိရေးဆောင်ရွက်ပေးပြီး

၁၇–၂–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ **သီရိမင်္ဂလာရပ်ကွက် ရေရရှိရေးဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရေပုံမှန်ရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပြီးစီး

၁၈–၃–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သထုံမြို့နယ် မြသပိတ်လမ်းနှင့် မင်းလမ်းတစ်လျှောက်ရှိ မြောင်းများ **ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

တက်ဆိပ်ခုံးအနီး ရေမြောင်းကြီး ကာရံပြီးစီး

၁၀–၂–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပုသိမ်မြို့ တက်ဆိပ်လမ်းထိပ် တက်ဆိပ်ခုံးအနီးရှိ **ရေမြောင်းကြီးအား ကာရံပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ စနစ်တကျကာရံပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ် ရေးကဒ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ယာဉ်နောက်လိုက်များ ယဉ်ကျေးစွာ ပြောဆိုစေလို

စာတည်းခင်ဗျား–

ကျွန်တော်နှင့် အဖော်တစ်ဦးသည် မတ်လ ၂၁ ရက်က အင်းစိန်မှတာမွေဘက်သို့ မထသ(၅၀) ယာဉ်လိုင်းဖြင့် သွားခဲ့ပါသည်။ မိမိ ဆင်းလိုသည့် မှတ်တိုင်ကို ကောင်းစွာမသိရှိ၍ ယာဉ်နောက်လိုက်အား အကူအညီတောင်းခဲ့ပါသည်။ မှတ်တိုင်သို့ ဆင်းခါနီးတွင် ယာဉ်နောက်လိုက်အား မိမိဆင်းရမည့် မှတ်တိုင်ကို ထပ်မံမေးမိရာ မချေမငံ ကြမ်းတမ်းစွာ ပြောဆိုခံခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများအပေါ် ယဉ်ကျေးစွာ ပြောဆိုဆက်ဆံရေး ယာဉ်နောက်လိုက် များအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မောင်ယဉ်ကျေး**

တရားမဝင်အရက်ဆိုင် ရှင်းလင်းစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာမြိုင်လမ်းတွင် တရားမဝင် အရက်ဆိုင်နှစ်ဆိုင်ရှိပါသည်။

ဝါး၊ ဓနိဆိုင် တစ်ဆိုင်မှာလည်း အရက်ပုန်းဆိုင် ပူးတွဲဖွင့်လှစ်ထားပြီး အရက်ပုန်းဆိုင်နှင့်အပြိုင် ရောင်းချလျက်ရှိပါသည်။ မူးယစ်သောက်စားသူများ၏ အော်ဟစ်ဆူညံမှု၊ မကြာခဏ ခိုက်ရန်ဖြစ် ပွားမှုများကြောင့် ပတ်ဝန်းကျင်နေသူများ လမ်းသွား၊ လမ်းလာများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ အဆိုပါ တရားမဝင် အရက်ဆိုင်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းရှင့်–

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် ဓမ္မစေတီလမ်း အမှတ်(၂၅၃) ဝင်းအတွင်း၌ ခွေးလေခွေးလွင့်များ ရှိနေသောကြောင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံနေကြရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခွေးကိုက်ခံရသူ**

မွေးနေ့ဆုမွန်လွှာ

ဒေါက်တာနှင်းငြိမ်းချမ်း (ခ) ငုံးငုံး ၏ (၇.၄.၂၀၀၇)တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ပြီး ချစ်တဲ့သူနှင့်အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ .....။

အောင်

ဦးအောင်မြင့် [၁၂/ပဘတ(နိုင်) ၀၁၇၇၀၃]
(Mother Land Group and Yadana Myaing Construction)
ဒေါ်ခင်မျိုးနွယ် [၁၂/ဗဟန (နိုင်)၀၇၉၇၈၈]၊ ဦးအုန်းခိုင်မြင့် [၁၄/ဖပန(နိုင်) ၁၁၂၅၅၂]+၁ တို့နှင့် အများသိသာရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်မိမိခင် [၁၂/ဒဂန(နိုင်) ၀၀၈၉၇၁]၊ ဒေါ်ခင်ကြည် [၁၂/ဒဂန(နိုင်) ၀၀၅၀၅၄]၊ ဦးလှကြိုင် [၁၂/ဒဂန(နိုင်)၀၁၃၇၂၅]၊ ဦးတင်မြ [၁၂/ဒဂန(နိုင်)၀၂၆၉၅၂]၊ ဒေါ်မြမွန်[၁၂/ဒဂန(နိုင်)၀၀၆၄၃၃]၊ ဒေါ်ထားရီ [၁၂/ဒဂန(နိုင်)၀၀၅၃၆၆]၊ ဒေါ်သန်းသန်းဆင့်[၁၂/ဒဂန(နိုင်)၀၀၅၃၆၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်၊ (ဒေါ်ခင်သီတာ)+၁ တို့သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ မနော်ဟာရီလမ်း ခြံအမှတ် ၇၄ဟုခေါ်တွင်သော ရန်ကုန်မြို့ အလုံတိုက်နယ် မြေတိုင်းရပ်ကွက် အမှတ် ၄၆/အေ၊ မြေကွက်အမှတ် ၉၅ဧရိယာ ၀ဒသမ၉၂၀ ဧကေရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်များကို ဦးအောင်မြင့် (Mother Land Group and Yadana Myaing Construction)နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုထားကြောင်း ခိုင်လုံစွာသိရှိရပါသည်။

အထက်ဖော်ပြပါ ဥပစာနှင့်စပ်လျဉ်း၍ ယခုကြေညာသူများ အပါအဝင် ဥပစာအတွင်း၌ နေထိုင်သူများအပေါ် ဒေါ်မြနွယ်ပါ ၃ဦးတို့က ဒဂုံမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၃/၇၆၊၄/၇၆၊၁၄/၇၆၊၁၅/၇၆၊၁၆/၇၆၊၁၇/၇၆၊ ၁၈/၇၆တို့တွင် “အခွင့်အမိန့်အရနေထိုင်သူများအဖြစ်နှင်လိုမှု” စွဲဆိုရာ အောက်ရုံးများက အတည်ပြုခွင့်ပြုသည်ကို ရန်ကုန်မြို့၊တရားရုံးချုပ်က ၁၉၈၈ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၄၉၊၅၀၊၅၁၊၆၅၊၆၆၊ တို့ဖြင့်ပလပ်ခဲ့ပြီး ယင်းပလပ်သည့်အမိန့်ကို ရန်ကုန်မြို့တရားရုံးချုပ်၊ ၁၉၈၉ခုနှစ် တရားမဒုတိယအယူခံမှု အမှတ် ၅၈၊၅၉၊၆၀၊၆၁တို့နှင့် ၁၉၉၀ပြည့်နှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး)အမှတ် ၄၆၊၄၇၊၄၈၊၄၉၊၅၀၊၁၀၃၊၁၀၄၊၁၀၅၊ ၁၀၆နှင့်၁၂၂တို့တွင် ဆက်လက်အတည်ပြုပြီးဖြစ်ပါသည်။

ဒေါ်မြနွယ်က ၁၉၉၂ခုနှစ် ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၄၆၆တွင် “အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုမှု” စွဲဆိုခဲ့ရာ အောက်ရုံးများက အတည်ပြုခွင့်ပြုသည်ကို ရန်ကုန်မြို့၊ တရားရုံးချုပ်က ၁၉၉၆ခုနှစ် တရားမ ပထမအယူခံမှု အမှတ် ၂၀၆၊၂၀၉တို့ဖြင့် ပလပ်ခဲ့ပြီး ယင်းပလပ်သည့်အမိန့်ကို ၁၉၉၈ခုနှစ် တရားမ အထူးအယူခံမှု အမှတ် ၅၀၊၅၁တို့တွင် ဆက်လက်အတည်ပြုပြီးဖြစ်ပါသည်။

အဆိုပါ ရန်ကုန်မြို့တရားရုံးချုပ်၊တရားမအထူးအယူခံမှုအမှတ်၅၀/၉၈၊၅၁/၉၈တို့တွင် ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်၊ (ဒေါ်ခင်သီတာ)+၁တို့က လက်ရှိအမည်ပေါက်သူ ကွယ်လွန်သူ ဒေါ်မြနွယ်၏ တရားဝင် ကိုယ်စားလှယ်များအဖြစ် ပါဝင်လာခဲ့ကြပြီး ဒေါ်ခင်မျိုးနွယ်၊ (ဒေါ်ခင်သီတာ)+၁တို့ ၃ဦးက ၁၉၉၈ ခုနှစ် ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၃၃၂တွင် “အမွေထိန်းလက်မှတ်စာထုတ်ပေးစေလိုမှု” စွဲဆိုခဲ့သော်လည်း ရန်ကုန်မြို့၊ တရားရုံးချုပ် ၂၀၀၁ခုနှစ် တရားမ အထူးအယူခံမှု အမှတ် ၂၂တွင် ရှုံးနိမ့်ခဲ့ပါသည်။

၁၆–၁၁–၂၀၀၁ရက်စွဲပါ ရန်ကုန်မြို့၊ တရားရုံးချုပ်၊ တရားမအထူးအယူခံအမှတ် ၂၂/၂၀၀၁စီရင်ချက်တွင်– **“ဒေါ်မြနွယ်သည် အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့ရာ ဥပဒေအရ ကန့်သတ်ထားသည့်ကာလ အပိုင်းအခြား ကုန်ဆုံးသွားသည့်အတွက် ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးသွားပြီးဖြစ်သည်။ အချင်းဖြစ်ပစ္စည်းတွင် ဒေါ်မြနွယ်၏ပိုင်ဆိုင်ခွင့် ကုန်ဆုံးသွားပြီးဖြစ်ရာ အမွေစီမံခန့်ခွဲရန် အမွေပုံပစ္စည်းကျန်ရစ်ခဲ့သည်ဟု မဆိုနိုင်တော့သဖြင့် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန်အကြောင်း မပေါ်ပေါက်ချေ”** ဟု အတိအလင်း သုံးသပ်ဆုံးဖြတ်ထားပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်မြင့်၊ ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်+၁တို့သည် အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် ပတ်သက်၍ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီများကို မျက်ကွယ်ပြု၍ မိမိပိုင်ဆိုင်ခွင့်ရှိသည့် အနေဖြင့် ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းများပြုလုပ်ထားခြင်းသည် တရားရုံးချုပ်၏ တရားမ အထူးအယူခံမှုအမှတ် ၅၀/၉၈၊ ၅၁/၉၈နှင့် တရားမ အထူးအယူခံမှု အမှတ် ၂၂/၂၀၀၁တို့တွင် ချမှတ်ထားသောစီရင်ချက်နှင့် ဒီကရီတို့ကို မထီမဲ့မြင်ပြုသည့်သဘော သက်ရောက်နေပါသည်။

ထို့ကြောင့် ယင်းကဲ့သို့ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီတို့ကို မထီမဲ့မြင်ပြုသည့်သဘော သက်ရောက်သည့်ပြုလုပ်မှုများ ဆက်လက်မပြုလုပ်ကြပါရန်နှင့် ယင်းကဲ့သို့ပြုလုပ်နေခြင်းကို လက်ခံခြင်း၊ အားပေးကူညီခြင်းများကိုလည်း မပြုလုပ်ကြပါရန် အသိပေးအပ်ပါသည်။ အကယ်၍ မလိုက်နာပါက ဥပဒေနှင့်အညီ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလှသိန်း (B.A.,LL.B)	**ဒေါ်စန္ဒာသိန်း**(LL.B,D.B.L)
တရားရုံးချုပ်ရှေ့နေ (စဉ်–၆၀၀၄)	**အထက်တန်းရှေ့နေ (စဉ်–၂၄၅၈၂)**
တိုက်အမှတ်(၉)၊ဒုတိယထပ်၊(၃၆)လမ်း	**တိုက်အမှတ်(၉)၊ဒုတိယထပ်၊(၃၆)လမ်း**
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့.	**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့.**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကျိုက်ထိုမြို့–မွန်ပြည်နယ် (ကြေညာချက်)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ၂၀၀၆–၂၀၀၇ ခုနှစ်ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၃–၄–၂၀၀၇ရက်နေ့ ရုံးချိန်အတွင်း ကျိုက်ထီးရိုး ဂေါပကအဖွဲ့ရုံး ကင်ပွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၄–၄–၂၀၀၇ ရက်နေ့ နံနက် (၁၀)နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါရောင်းချမည့်ပစ္စည်းများ

၁။ ရွှေလှောင်စက္ကူ(မြွေခွံအိတ်ဖြင့်) =၁၁၉အိတ်
၂။ ကန်မြေ (မြွေခွံအိတ်ဖြင့်) =၅၉အိတ်
၃။ သုတ်ဖတ် (ကြောင်ချေး) (မြွေခွံအိတ်ဖြင့်)=၄အိတ်
၄။ ရွှေပန်းချီအသုံးပြုသည့် အင်္ကျီ၊ ပုဆိုးလက်သုတ်ပဝါ=၁ထုပ်

ကျိုက်ထီးရိုး စေတီတော်
ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ကင်ပွန်းစခန်း

နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ယုဝလမ်း(ခ)၊ အမှတ်(၁၇)နေ ဦးတင်လှ–ဒေါ်စုစီလာတို့၏သား၊ မောင်ပြည့်ဖြိုးဝေ မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၀၆၄၃၃၉]နှင့် သဃ်န်းကျွန်းမြို့နယ်၊ လုပ်အားလမ်း၊ အမှတ်(၁၆၀)နေ ဦးနန်ကူး–ဒေါ်မြတို့၏ သမီး မဥမ္မာသိန်း မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၀၅၉၆၂၆]တို့သည် မတ် ၂၆ ရက်တွင် မွန်ပြည်နယ် မုဒုံမြို့နယ်တရားရုံးတွင် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

မောင်ပြည့်ဖြိုးဝေ–မဥမ္မာသိန်း

MS ACCESS/EXCEL-Professional Courses

(၁၈.၄.၀၇) မှ (၂၂.၄.၀၇) ရုံးပိတ်ရက် ၅ ရက် အတွင်း ထိထိရောက်ရောက် သင်ကြားပေးမည်။
(၁၁.၄.၀၇) ရက်နေ့အထိသာ ကျောင်းအပ် လက်ခံသည်။

Fees : 10,000
Time : 12-4pm
8am-12pm
ကန့်သတ်ဦးရေ : 5ဦး

ICEC အမှတ်(၂၁/၂၃)၊ D2 လှည်းတန်းလမ်းမ၊ ကမာရွတ်
☎ 503807/709868

ချောက်မြို့နယ်အသင်း(၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၁ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်သူရိန်ဝင်းအား ဆုချီးမြှင့်စဉ်။ (၆၁)

မီးလောင်မှုသတင်း

နေပြည်တော် ဧပြီ ၆

မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာ၌ ဧပြီ ၅ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုသုံးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NAING Group Home Decoration Center

နှစ်သစ်ကူးတဲ့ အတာတန်ခူးမှာ လူကြီးမင်းတို့ရဲ့ ရုံးခန်း၊ အိပ်ခန်း၊ ဆိုင်ခန်းများကိုပြုပြင်
အလှဆင်မယ်ဆိုရင် စိတ်ကျေနပ်စရာ ဝန်ဆောင်မှုအပြည့်နဲ့ လှပခမ်းနားမှုတို့ စုဝေးရာ
NAING Group Decoration Center နှင့်သာ ဆက်သွယ်လိုက်ပါ။

ရန်ကုန် ➤ အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ Ph:951-248082, 383658, 381707 Fax: 373759
ပျဉ်းမနား ➤ အမှတ်(၁/၆၈)၊ ဗိုလ်တောက်ထိန်လမ်း၊ မြို့မဈေးအနီး(ချယ်ရီဦး)။ Ph: 067-21454
မန္တလေး ➤ တိုက် (B_2)၊ အခန်းအမှတ် (၃)၊ ၃၂လမ်း၊ ဂု၇×ဂု၈လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။ Ph: 02-89173

မွေးနေ့မင်္ဂလာဆုတောင်း

ဖနီး၊သမီး၊သားတို့၏ လိုအင်ဆန္ဒဟူသမျှကို မညည်းမညူဖြည့်ဆည်းပေးနေသော ချစ်ဖေဖေ ဗိုလ်မှူးကြီးအေးလွင်(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့၏ ၇၊၄၊၂၀၀၇ ရက်နေ့တွင် ကျရောက်သည့် မင်္ဂလာရှိသောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ဖေဖေချစ်သောမိသားစုနှင့် စိတ်တူကိုယ်တူ မွေးနေ့တိုင်းပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေ။

ဇနီး	မြင့်မြင့်သိန်း
သမီး	အေးသန့်ရည်မွန်လွင်–မောင်ကြည်ညွန့်
သားကြီး	စိုးစည်သူလွင်
သားအငယ်	စိုးသီဟလွင်၊စိုးသူရလွင်
မြေးဦး	သြမြတ်သီရိကြည်

(၄၅)နှစ်ပြည့်မင်္ဂလာနေ့ဆုတောင်းနှင့် ကျေးဇူးတင်လွှာ

ဖေဖေ **ဦးကျော်ဦး (အငြိမ်းစား–မြန်မာ့အသံ)**နှင့် မေမေ **ဒေါ်မေမေညွန့် (အငြိမ်းစား–အထက်တန်းပြဆရာမ)**တို့၏ ၂၀၀၇ခုနှစ်၊ ဧပြီလ ၇ရက်နေ့တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာပျော်ရွှင်စွာ အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဧပြီ ၅ရက်နေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပသော (၄၅)နှစ်ပြည့် မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

သမီးကြီး	–မသက်သက်ဦး(မသက်)–ကိုအောင်နေဦး၊
မြေး	– Kendra Oo, Kaydre Oo
သား	–ကိုအောင်ချိုဦး(ဖိုးချို)–မဖြူဖြူစန်း(မဖြူ)
မြေး	–မောင်တင့်အေးချမ်း၊ မထက်ဟေသီအိ
သမီးငယ်	–မဝေဝေဦး(မဝေ)–ကိုဇော်မင်းသန်း (Michael)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

SHOE GALLERY

Big Sales

5% to 50% Discount

From 8 .4 . 2007 To 12 . 4 . 2007

“ကန်တော်ကြီး ဈေးပွဲတော်တွင် ရောင်းချပေးနေပါပြီ”

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

အမည်ပြောင်းခြင်းနှင့် ဖခင်အမည်မှန်

ဒဂုံမြို့သစ် (အရှေ့ပိုင်း) အထက (၂) ဆဋ္ဌမတန်း(A)မှ ကျောင်းဝင်အမှတ် (၁၄၅၄) မောင်သက်မျိုးနိုင်၏ အမည်မှန်မှာ မောင်သက်မိုးနိုင် ဖြစ်ပါကြောင်း၊ မောင်သက်မိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးမိုးသူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဂဒ (နိုင်)၀၃၃၆၃၇] ဖြစ်ပါကြောင်း။

မောင်သက်မိုးနိုင်
ဖခင်အမည်မှန်–ဦးမိုးသူ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်နိုင်နိုင်ထွန်း [၁၂/အစန(နိုင်)၁၆၁၇၁၈] သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ မိခင် ဒေါ်ခင်လှလွင် [၁၂/အစန(နိုင်)၁၂၁၆၄၈]

ဒီသင်္ကြန်မှာ အရသာထူးကဲပြီး စားကောင်းတဲ့ ယုဇန ဒံပေါက် ကိုပဲ ရွေးချယ်လိုက်ပြီ

ပင်မ – အမှတ် (၉၂)၊ အနော်ရထာလမ်း၊ လွှစ္စလမ်းနှင့် ၃၉ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ဖုန်း – ၃၈၀၉၇၀
ဆိုင်ခွဲ(၁) – အမှတ် ၂၁၀/၂၁၂၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ဖုန်း – ၂၅၄၇၅၀
ဆိုင်ခွဲ(၂) – အမှတ် ၂၃၆၊ အနော်ရထာလမ်း၊ လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်းကြား။
ဆိုင်ခွဲ(၃) – အမှတ် ၁၇၄၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီးမင်္ဂလာတောင်ညွန့်မြို့နယ်။

ရေပက်ခံအဖွဲ့များနှင့် ဧည့်ခံမဏ္ဍပ်
အသီးသီးမှ စားသုံးသူများ ကြိုတင်
မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်။
အလှူမင်္ဂလာဧည့်ခံပွဲများအတွက် အထူးအော်ဒါလက်ခံနေပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်/သားဖွားနှစ်ထပ်ဆောင်ဖွင့်ပွဲ တက်ရောက် ရေးမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

မွန်ပြည်နယ် ရေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ရေတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၃ရက် နံနက်ပိုင်းတွင် ရေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့လူနာဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရေးမြို့၌ ရေးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်လည်းကောင်း၊ နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်နှင့် မိသားစုဝင်များနှင့် လည်းကောင်း အသီးသီးတွေ့ဆုံ အမှာစကားပြောကြားပြီး ခြိစည်းရိုးကြက်ဆူပျိုးထောင်ပွဲသို့ တက်ရောက်အားပေးကာ မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် နွေစပါးစိုက်ခင်းနှင့် မော်လမြိုင်မြို့၌ နည်းပညာတက္ကသိုလ် (မော်လမြိုင်)ပင်မဆောင် တည်ဆောက်ရေး စီမံကိန်းတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၇နာရီ ခွဲ တွင် ရေးမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသော ရေးမြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်/သားဖွား နှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပကာတိဖြစ်ပေါ်ပြောင်းလဲမှုများကို မှန်ကန်စွာရှုမြင် တည်ငြိမ်မှုပျက်ပြားအောင် ကြံစည်ဆောင်ရွက်မှုတိုင်းသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဟန့်အတားဖြစ်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

ဆောင်းပါးအညွှန်း

“ယနေ့မြန်မာတို့၏ စိတ်ဓာတ်သည် ၁၉၈၈ ခုနှစ်မတိုင်မီက စိတ်ဓာတ်မျိုး မဟုတ်တော့ပါ။ ခေတ်အခြေအနေပြောင်းခဲ့သောကြောင့် မြန်မာတို့၏ စိတ်အခြေအနေသည်လည်း ပြောင်းခဲ့ပါပြီ။ လမ်းမပေါ် ဆန္ဒပြခြင်းသည် သတ္တိမဟုတ်။ နိုင်ငံနှင့်လူမျိုး အကျိုးအတွက် ကိုယ်ကျိုးစွန့် လုပ်ဆောင်ခြင်းသာ သတ္တိဖြစ်ကြောင်း၊ ဘယ်သူခွဲခွဲသွေးမကွဲဘဲ စည်းလုံးညီညွတ်ခြင်းသည်သာ သတ္တိအင်အားဖြစ်ကြောင်း မြန်မာတို့ သိရှိလာကြပါပြီ။ ထို့ကြောင့် ထင်ပေါ်လိုသော ထင်ကျော်၏ လုပ်ရပ်နှင့် ပြည်ပမီဒီယာတို့၏ မြှောက်ထိုးပင့်ကော် လုပ်ရပ်တို့သည် ရေပြင်ပေါ်တွင် အရုပ်ရေးသလို ဖြစ်ခဲ့ရသည်။

ငါးမင်းဆွေ၏ **“ဖားမင်းဆွေ စက်ဘီး စီးနေသည်၊ လမ်းဘေးဖုန်းကို သုံးနေသည်”**

(ဆောင်းပါး) စာမျက်နှာ ၈-၉